ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက် )**

**[ တနင်္လာနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၈၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၁-၆-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်နှင့် ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၈)ဦး ဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၉)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော်အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်ရန် ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့်ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**လာမည့် ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပပြုလုပ်မည့် အထွေထွေ ရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင် ပြည်သူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်နှင့် အဆင်ပြေသက်သာစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ကျွန်တော် ဦးကိုကိုနိုင် က နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်မှာ ယနေ့ မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော်တို့ နိုင်ငံအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ လာမည့် ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်နှင့် ဆန္ဒမဲပေးသည့်အခါ အဆင်ပြေသက်သောင့်သက်သာစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ယခင်ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများထက် ပိုမိုပြည့်စုံကောင်းမွန်သော အစီအမံများ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၃၉၈ ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ပုဒ်မ ၃၉၉ ပုဒ်မခွဲ(က)အရ လွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲများကို (၅)နှစ်တစ်ကြိမ် ကျင်းပပေးကြရမှာဖြစ်ပါတယ်။ အဲဒီလို ကျင်းပပေးနိုင်ဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ ကျင်းပပြုလုပ်မယ့်ရက်ကို ရွေးကောက်ပွဲ မကျင်းပမီကြိုတင်ထုတ်ပြန် ကြေညာရမှာဖြစ်ပါတယ်။ ယခု ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့လည်း အထွေထွေရွေးကောက်ပွဲကြီးကို ၂၀၂၀ ပြည့်နှစ်အတွင်းမှာ ကျင်းပ ပြုလုပ်သွားမှာဖြစ်တဲ့အကြောင်း၊ တစ်နိုင်ငံလုံး မဲပေးပိုင်ခွင့်ရှိသူ အရေအတွက်ဟာ ပြီးခဲ့တဲ့ ၃-၃-၂၀၂၀ ရက်နေ့အထိ ကောက်ယူရရှိထားတဲ့စာရင်းအရ လူဦးရေ (၃၇)သန်းကျော်ရှိပြီး အဲဒီထဲမှာတော့ တပ်မတော်သား မဲဆန္ဒရှင်စာရင်းနဲ့ ပြည်ပရောက်နိုင်ငံသား မဲဆန္ဒရှင်စာရင်း မပါဝင်သေးကြောင်း၊ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီ (၉၈)ပါတီ၊ မှတ်ပုံတင် စိစစ်ဆဲ(၃)ပါတီ၊ တည်ထောင်ခွင့်စိစစ်ဆဲ (၁)ပါတီ၊ ယာယီရပ်ဆိုင်းထားတဲ့ပါတီ (၃)ပါတီရှိပြီး ယခု ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အသုံး

ပြုမယ့် မဲလက်မှတ်ဟာ အဖြူရောင်ဖြစ်ပြီး ရှင်းရှင်းလင်းလင်းရှိစေဖို့ ဆောင်ရွက်ထားကြောင်း သန့်ရှင်းမျှတပြီး ဘက်လိုက်ခြင်းကင်းတဲ့ ရွေးကောက်ပွဲကြီးတစ်ခုဖြစ်အောင် ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံက စီမံဆောင်ရွက်ထားကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ကျပ်ဘီလီယံ (၅၀) သုံးစွဲသွားမှာဖြစ်ကြောင်းကို ၂၀၂၀ ပြည့်နှစ် မတ်လအတွင်းက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှာ ကျင်းပတဲ့ သတင်းစာ ရှင်းလင်းပွဲမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ပြောကြားချက်ကို လေ့လာ သိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၂၀ ပြည့်နှစ်မှာ ကျင်းပပြုလုပ်မယ့် ရွေးကောက်ပွဲကြီးမှာ အသက် (၁၈)နှစ်ပြည့်ပြီးတဲ့ မဲဆန္ဒရှင်အရေအတွက်ဟာ သိန်းနဲ့ချီပြီး တိုးလာမှာဖြစ်လို့ မဲစာရင်းမှာ ပါဝင်လာရေး သက်ဆိုင်ရာ မိသားစုအလိုက် အမည်စာရင်း ကြေညာပေးဖို့ မဲစာရင်းများကို အချိန်ယူပြီး ကြိုတင်ကြေညာဖို့၊ အများပြည်သူ အလွယ်တကူ ကြည့်ရှုနိုင်တဲ့နေရာ ပုံစံတွေနဲ့ စနစ်တကျစီမံထားရှိဖို့၊ မဲစာရင်းမှာ ပါဝင်လာခြင်းမရှိသေးတဲ့ မဲဆန္ဒရှင်ပြည်သူများကိုလည်း ဥပဒေနှင့်အညီ အချိန်မီပါဝင်ခွင့်ရရှိလာဖို့ တာဝန်ရှိသူများအနေဖြင့် စိတ်အားထက်သန်စွာ ကူညီဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ယခု တင်ပြလိုတာကတော့ ရွေးကောက်ပွဲကျင်းပမယ့်ရက်မှာ ဆန္ဒမဲပေးတဲ့ နံနက်(၆)နာရီမှ ညနေ(၄)နာရီအတွင်း မည်သည့်အချိန်မှာ မဲလာပေးသည်ဖြစ်စေ အဆင်ပြေပြေ ချောချောမွေ့မွေ့ သက်သောင့်သက်သာနှင့် ဆန္ဒမဲပေးနိုင်ဖို့ အလွန်အရေးကြီးလှပါတယ်။ အမည်စာရင်းမှာ လက်မှတ်ရေးထိုးတာ၊ မဲလက်မှတ်ထုတ်ယူရတာ လျှို့ဝှက်ဆန္ဒပြုရတာ ဆန္ဒမဲလက်မှတ် မဲပုံးထဲထည့်တာကအစ အဆင်ပြေပြေ ချောချောမွေ့မွေ့ စီမံဆောင်ရွက်ပေးဖို့ အရေးကြီးသလို မဲဆန္ဒရှင်ပြည်သူများအနေနဲ့ ၎င်းတို့ ကြိုက်နှစ်သက်သည့်ပါတီက ကိုယ်စားပြု ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲပေးတဲ့အခါမှာ အများပြည်သူက စိတ်ဆန္ဒရှိရှိ လိုလိုလားလား ဆန္ဒမဲပေးလိုစိတ် ဖြစ်ပေါ်လာစေဖို့ ကြိုတင်စီမံခန့်ခွဲထားမှုများက ခရာကျလှပါတယ်။ ထို့အတူ မဲရုံမှာ တာဝန်ကျ၊ တာဝန်ယူထားရတဲ့ မဲရုံမှူးများရဲ့ အခန်းကဏ္ဍဟာလည်း အရေးကြီးလှပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေနဲ့ လူဦးရေမည်မျှရှိပါက မဲရုံမည်မျှရှိရမည်။ လူဦးရေမည်မျှရှိပါက မဲရုံအတွင်း မဲပေးရမယ့်နေရာ မည်သို့ထားရှိရမည်ကို စနစ်တကျ စီမံဆောင်ရွက်ထားပြီးသည်ကိုလည်း ယုံကြည်မိပါတယ်။ ကျေးရွာငယ်တွေနဲ့ ရပ်ကွက်ငယ်တွေမှာ လူဦးရေအချို့က မဲပေးရတာအဆင်ပြေပေမယ့် ကျေးရွာကြီးတွေ၊ ရပ်ကွက်ကြီးတွေ၊ မြို့ကြီး၊ မြို့ငယ်တွေမှာတော့ သတ်မှတ်အချိန်ကာလအတွင်း အများပြည်သူ ဆန္ဒမဲပေးလာတဲ့အချိန်မှာ မဲရုံပရိဝုဏ်အတွင်းမှာ ပြည့်ညပ်ပြီး အချိန်အကြာကြီး တန်းစီစောင့်ဆိုင်းနေရမယ်ဆိုရင် မဲဆန္ဒရှင်ပြည်သူများအနေနဲ့ မဲပေးလိုစိတ်ဆန္ဒ မရှိတော့မှာကို အထူး သတိထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ပါမေးခွန်းကို အမျိုးသားလွှတ်တော်

ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၂။**

**ဦးမြင့်အောင်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့ဝင် ပုဂ္ဂိုလ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်း၍ အောက်ပါအတိုင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်၏ ကြယ်ပွင့်ပြမေးခွန်းမှာ လာမည့် ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပပြုလုပ်မယ့် အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်နှင့် အဆင်ပြေသက်သာစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းဟူ၍ ဖြစ်ပါတယ်။ နိုင်ငံသားများ၏ အခွင့်အရေးဖြစ်သော မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(ခ)ပါ ပြဋ္ဌာန်းချက်အရ ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိစေရန်အတွက် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် မဲဆန္ဒရှင်၏အမည်ပါဝင်ရန် လိုအပ်ပါတယ်။ မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၄(က)တွင် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား နှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာ မဲစာရင်းတွင် ထည့်သွင်းဖော်ပြရမည်ဟူ၍ ပြဋ္ဌာန်းထား ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အတွက် ကြိုတင်ပြင်ဆင်ထားသည့်အနေဖြင့် ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုသည့်နှစ်အဖြစ်

သတ်မှတ်ပြီးဆောင်ရွက်ခဲ့ပါတယ်။ လူဦးရေစာရင်းအချက်အလက်များကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းများပြုစုခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနများနှင့် ပူးပေါင်းရေးဆွဲပြီးတော့ ၂၀၁၉ ခုနှစ်၊ ဇွန်လ တတိယပတ်မှ စတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်မှာ တစ်နိုင်ငံလုံးရဲ့အခြေခံမဲစာရင်းများကို ပြုစုခဲ့ပြီးဖြစ်ပါတယ်။ ပြုစုပြီးတဲ့ အခြေခံမဲဆန္ဒရှင်စာရင်းများကို လစဉ်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၂၀ ပြည့်နှစ်၊ မတ်လထိ ပြုစုပြီး အခြေခံမဲဆန္ဒရှင်စာရင်းမှာ (၃၇)သန်းကျော်ဖြစ်ပါတယ်။ အဆိုပါ မဲဆန္ဒရှင်စာရင်းမှာ ပြည်တွင်းရွှေ့ပြောင်းလုပ်သားများ၊ တိုက်ပွဲရှောင်ပြည်သူများနဲ့ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပမှာ သွားရောက်လုပ်ကိုင်နေသူများ အားလုံးပါဝင်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ အခြေခံမဲစာရင်းမှာထည့်သွင်းရန် ကျန်ရှိနေပါသေးတယ်။ အဆိုပါမဲဆန္ဒနယ်အလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းများကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၆ နှင့်အညီ ရွေးကောက်ပွဲမတိုင်မီ သတ်မှတ်ထားသည့်အတိုင်း ကြိုတင်ပြီးကြေညာသွားမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာစဉ်က မဲဆန္ဒရှင်ပြည်သူများက သွားရောက်ကြည့်ရှုရန်လိုအပ်ပြီး မိမိရဲ့အမည်မဲစာရင်းမှာမပါဝင်ခြင်း၊ မဲစာရင်းတွင်အချက်အလက်မှားယွင်းနေခြင်း၊ မဲစာရင်းတွင်မပါဝင်သင့်သူများ ပါဝင်ခဲ့ခြင်းများကို တွေ့ရှိပါက သတ်မှတ်ထားတဲ့ပုံစံများနဲ့ တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းများကို ဆောင်ရွက်နိုင်ပါတယ်။

ထိုသို့ဆောင်ရွက်နိုင်ခြင်းကြောင့်လည်းပဲ မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာခြင်းမပြုမီ နိုင်ငံပိုင်သတင်းစာတွေ၊ ရေဒီယို၊ ရုပ်မြင်သံကြားနဲ့ Social Media များမှတစ်ဆင့် အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ တွင်လည်း ပြည်သူလူထုနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်းခေါင်းစဉ်နဲ့ ရည်မှန်းချက်ပန်းတိုင်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်မယ့်လုပ်ငန်းစဉ်များအနေဖြင့် မဲဆန္ဒရှင်လက်စွဲစာအုပ်၊ လက်ကမ်းစာစောင်နှင့် ပိုစတာများ စတဲ့ မဲဆန္ဒရှင် အသိပညာပေးရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ စာရွက်စာတမ်းများ၊ မြန်မာဘာသာအပြင် အခြားရနိုင်သမျှသော တိုင်းရင်းသား ဘာသာစကားများနှင့်လည်း ပြုစုခြင်း၊ ဖြန့်ဝေခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် သက်ဆိုင်သော အချက်အလက်များ စာရွက်စာတမ်းများအား ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ၊ အရပ်ဖက်လူမှုအဖွဲ့ အစည်းများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website နှင့် Social Media များကနေ ရယူပြီးပိုမိုထိရောက်စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်များနှင့် ပထမအကြိမ်မဲပေးမည့်သူများထံသို့ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေ

ခြင်းကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာစတဲ့ Media ပေါင်းစုံတို့နဲ့ ပူးပေါင်းဆောင်ရွက်ခြင်း အစရှိတဲ့ လုပ်ငန်းစဉ်များ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ထို့ပြင် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပမှာ တရားဝင်ရောက်ရှိနေတဲ့ ရွှေ့ပြောင်းအလုပ်သမားများဥပဒေနှင့်အညီ သက်ဆိုင်ရာ မဲဆန္ဒနယ်များအတွက် ကြိုတင်မဲပေးခွင့်ရရှိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေစွာ မဲပေးနိုင်ရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရာတွင် မသန်စွမ်းသူအမျိုးအစားအလိုက် စာရင်းများကောက်ယူပြီးတော့ မဲရုံအလိုက် မသန်စွမ်းမဲဆန္ဒရှင်များ အဆင်ပြေစွာ မဲပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပါတယ်။

ယခင် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများမှာ မဲရုံအများစုကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၃၀၀ မှ ၃၀၀၀ အတွင်းရှိလျှင် မဲရုံတစ်ရုံဆောက်လုပ်ခဲ့ပါတယ်။ တချို့ဒေသတွေမှာ နယ်မြေဒေသကျယ်ပြန့်မှုအရ မဲဆန္ဒရှင်ပြည်သူများ သွားရေးလာရေးလွယ်ကူရန် မဲရုံများကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာလည်းပဲ ယခင်ကထက်ပိုမိုလာတဲ့ မဲဆန္ဒရှင်အရေအတွက်ပေါ် မူတည်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ မဲရုံများတိုးချဲ့ ဖွင့်လှစ်ခွင့်ပြုပါရန် တင်ပြလာခြင်းများကို ခွင့်ပြုပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၃၉(က)(၁)မှာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ မသန်စွမ်းသူများ အပါအဝင် လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေး သတ်မှတ်ထားသည့် မဲပေးချိန်အတွင်း မဲဆန္ဒရှင်များအားလုံး မဲပေးနိုင်ရေးနှင့် လျှို့ဝှက်ဆန္ဒပြုနိုင်ရေးတို့ကို ရှေးရှုပြီး မဲရုံတစ်ရုံစီ၌ ဆန္ဒမဲပေးရမည့်ဦးရေနှင့် မဲရုံအရေအတွက်ကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်။ မဲရုံတွင် မသန်စွမ်းသူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အား မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာ မဲပေးနိုင်ရန်အတွက် သတ်မှတ်ထားသည့် အချိန်အတွင်း အချိန်မီ မဲပေးနိုင်စေရေးအတွက် နယ်မြေဒေသအလိုက် ကွင်းဆင်းစစ်ဆေးပြီးတော့ မဲရုံများလျာထားသတ်မှတ် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သာမန်အားဖြင့် မဲရုံတစ်ရုံလျှင် သက်ဆိုင်ရာ လွှတ်တော်တစ်ရပ်စီနှင့် တိုင်းရင်းသားလူမျိုးရေးရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်နေရာစီအတွက် မဲပုံးတစ်ပုံးစီ ထားရှိရမည်ဖြစ်သော်လည်း မဲဆန္ဒရှင်များ လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲပုံးတစ်ပုံးထက် ပို၍ထားရှိခြင်း၊ မဲစာရင်းများကို လွယ်ကူစွာ စိစစ်နိုင်ရေးအတွက် မဲရုံအဖွဲ့ကို

တိုးချဲ့ဖွဲ့စည်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မဲရုံကို ကြီးကြပ်နိုင်ရန် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက ရွေးကောက်ပွဲအချိန်ဇယားနှင့်အညီ ဖွဲ့စည်းတာဝန် ပေးအပ်သွားမှာဖြစ်ပါတယ်။ အဆိုပါ မဲရုံအဖွဲ့များအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းများတွင် ကျွမ်းကျင်စွာ တာဝန်ထမ်းဆောင်နိုင်ရေး အတွက် ကြိုတင်ပြီးတော့ သင်တန်းများဖွင့်လှစ်ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ တွင် မဲဆန္ဒရှင် ပြည်သူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်၊ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်ပြည်သူများ ရွေးကောက်ပွဲအပေါ်မှာ စိတ်ဝင်စားမှု မြင့်မားလာစေရန်အတွက် မဲဆန္ဒရှင် အသိပညာပေးခြင်းလုပ်ငန်းများကို စီမံချက်ချမှတ်၍ ဆောင်ရွက် ခြင်း၊ သက်ဆိုင်ရာဌာနများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများကို ကြိုတင် ပြင်ဆင် ဆောင်ရွက်လျက်ရှိပါတယ်။ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေး အတွက် မဲဆန္ဒရှင်အရေအတွက်ပေါ်မူတည်ပြီး မဲရုံများတိုးချဲ့ဖွင့်လှစ်ခွင့်ပြုခြင်း၊ မသန်စွမ်း မဲဆန္ဒရှင် ပြည်သူများလွယ်ကူစွာ မဲပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိခြင်း၊ နယ်မြေဒေသ အလိုက် အခြေအနေပေါ်မူတည်၍ မဲဆန္ဒရှင်ပြည်သူများ သွားလာရေးလွယ်ကူစေရန် မဲရုံများတိုးချဲ့ ဖွင့်လှစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် အားလုံး အဆင်ပြေသက်သာစွာ ပါဝင်မဲပေးနိုင်ရေး စီမံဆောင်ရွက်ထားပါကြောင်း ဥက္ကဋ္ဌကြီးက တစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀:၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်သည့်အလေ့အထများ ထွန်းကားရေး မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၅။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှတစ်ဆင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်သည့်အလေ့အထများ ထွန်းကားရေး မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနှင့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များနှင့် အချိန်ကာလပိုင်းခြားပြီး ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများဟု ချမှတ်ပြီး အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဲဒီအထဲမှာမှ အခြေခံပညာကျောင်းအသီးသီးမှာ ဖွင့်လှစ်ထားတဲ့ ကျောင်းစာကြည့်တိုက်များမှာ ကျောင်းသင်ခန်းစာများ အပါအဝင် စာပေဟောပြောပွဲ၊ စာဖတ်ပြိုင်ပွဲ၊ သချ်ာပြိုင်ပွဲ၊ ပြပွဲနှင့်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် ဘဝတစ်သက်တာသင်ယူရမည့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးမယ်ဆိုတဲ့ လုပ်ငန်းစဉ် ပါရှိတာတွေ့ရပါတယ်။ အခြေခံပညာကျောင်းပေါင်း (၄၇၄၇၂)ကျောင်းမှာ ကျောင်းစာကြည့်တိုက်ရှိတဲ့ ကျောင်းအရေအတွက်က (၂၆၇၃၈)ကျောင်းဆိုတော့ ကျောင်းအားလုံးရဲ့ (၅၆.၃၂)ရာခိုင်နှုန်း ကျောင်းစာကြည့်တိုက်ရှိပြီးဖြစ်တယ်လို့ သိရှိရပါတယ်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကျောင်းစာကြည့်တိုက်ဖွင့်လှစ်နိုင်မှုအနေနှင့် ပထမအများဆုံးမှာ ကရင်ပြည်နယ်ဖြစ်ပြီးတော့ ဒုတိယအများဆုံးမှာ ကယားပြည်နယ်တို့ဖြစ်ရာ (၉၀) ရာခိုင်နှုန်းကျော် ဖွင့်လှစ်နိုင်လို့ အလွန်ပဲ ဝမ်းသာဂုဏ်ယူချီးကျူးမိပါတယ်။ အနည်းဆုံးဒေသတွေကတော့ ပဲခူး(အနောက်)နှင့် ရှမ်း(မြောက်)တို့ ဖြစ်ကြပါတယ်။ (၁၀)ရာခိုင်နှုန်းကျော်နှင့် (၂၀) ရာခိုင်နှုန်းလောက်သာ ဖွင့်လှစ်နိုင်လို့ အဲဒီဒေသတွေမှာ ဖွင့်လှစ်နိုင်မှု နည်းပါးရခြင်းကို အလွန်ပဲစိတ်ဝင်တစား သိရှိလိုပါတယ်။ စာအုပ်စာတမ်းများ သိုလှောင်သိမ်းဆည်းထားရာ နေရာတစ်ခုမျှသာမဟုတ်ရဘဲ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အကျိုးရှိအောင် ရှင်သန်စီမံ

ဆောင်ရွက်နိုင်မှသာလျှင် ထိုနေရာကို ကျောင်းစာကြည့်တိုက်ဟု ခေါ်ဆိုထိုက်မှာ ဖြစ်ပါတယ်။ ကျောင်းတွင် လက်ရှိကျင့်သုံးလျက်ရှိတဲ့ ပညာရေးစနစ်သစ်ဟာ ကျောင်းသင်ခန်းစာတစ်ခုတည်း ပေါ်မှာသာ အခြေပြုသင်ပြပေးမှု မဟုတ်ရဘဲ လူမှုဝန်းကျင်အပေါ်တွင်လည်း အခြေပြုကာ သင်ကြား သင်ယူရမှာဖြစ်လို့ ကျောင်းစာကြည့်တိုက်ဟာ အဆိုပါ အခြေခံအသိပညာ ဗဟုသုတများ ရရှိနိုင်တဲ့ မရှိမဖြစ် မကောင်းမဖြစ် နေရာတစ်ခုဖြစ်လာပါတယ်။ ၂၁ ရာစု ကျွမ်းကျင်မှုဖြစ်တဲ့ လေးနက်စွာ တွေးခေါ်မြော်မြင် ဆင်ခြင်ခြင်း၊ ဆန်းသစ်တီထွင်ခြင်း၊ နိုင်ငံသားကောင်းစိတ်ဓာတ်ရှိခြင်းဆိုတဲ့ အသိပညာ၊ အတတ်ပညာများဟာ အစဉ်လေ့လာသင်ယူခြင်းဖြင့်သာ ရရှိမှာဖြစ်ပါတယ်။ အစဉ် လေ့လာသင်ယူဖို့ဆိုရင် စာဖတ်တဲ့အလေ့အထ ထွန်းကားဖို့လိုပါတယ်။

ကလေးသူငယ် ကျောင်းသားအရွယ်ကတည်းက စာဖတ်ခြင်းမှာမွေ့လျော်အောင် လေ့ကျင့် ပေးရင်း တစ်သက်လုံးစွဲမြဲသွားကာ ဆက်စပ်လေ့လာ ဆည်းပူးလိုစိတ်များ ရှင်သန်ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ စာဖတ်ခြင်းအလေ့အထရရှိအောင် ကျောင်းစာကြည့်တိုက်များဟာ အဓိကအခန်းကဏ္ဍ မှာ ပါဝင်ပါတယ်။ ကလေးများ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်၊ ပညာဗဟုသုတ ရှာမှီးလိုသော အလေ့အထ၊ အားလပ်ချိန်များကို မှန်ကန်စွာအသုံးချခြင်း စသည့်ကောင်းကျိုးများအပြင် သုတ စာပေ၊ ရသစာပေများ ဖတ်ရှုခြင်းဖြင့် လူသားကောင်းကျိုးအတွက် ဆန်းသစ်တီထွင်နိုင်တဲ့ ပညာရပ် များ လေ့လာသင်ယူတတ်မြောက်ကာ အသက်မွေးဝမ်းကျောင်းမှုမှာလည်း များစွာ အထောက်အကူ ဖြစ်မှာဖြစ်သလို အများသူငှာကောင်းကျိုး ဆောင်ရွက်လိုခြင်း၊ လူမှုဝန်းကျင်မှာ လူ့ယဉ်ကျေးမှု အစဉ်အလာများ ဆောင်ရန်၊ ရှောင်ရန်များ ကျင့်ဆောင်လာနိုင်မည်ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းက မြန်မာနိုင်ငံမှာ အသက်(၁၆)နှစ်အောက် ကျောင်းနေ အရွယ် ကလေးဦးရေဟာ နိုင်ငံ့လူဦးရေ (၃၀)ရာခိုင်နှုန်းနီးပါးရှိတယ်လို့ ဆိုပါတယ်။ ကျောင်း စာကြည့်တိုက်များ ဖွင့်လှစ်ခြင်း၊ ငယ်ရွယ်စဉ် ကျောင်းသားဘဝမှစ၍ စာဖတ်ခြင်းဖြင့် စာပေ ဗဟုသုတကြွယ်ဝကာ တွေးခေါ်ချင့်ချိန်စဉ်းစား ဝေဖန်နိုင်တဲ့ ကျောင်းသား၊ လူငယ်လူရွယ်များဖြစ် လာပြီး နိုင်ငံတော်အတွက် ပညာပြည့်ဝနှလုံးလှတဲ့ နိုင်ငံ့တာဝန်ကို မလွဲမသွေ ပခုံးပြောင်း ထမ်းဆောင်ကြရမယ့် လူငယ်များမွေးထုတ်ပေးနိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပြီး ကျောင်းစာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်သည့်အလေ့အထများ ထွန်းကားလာရေး မည်သို့စီမံ ဆောင်ရွက်နေသည်ကို သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဇန်တလန်(ခ)ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်(၁)သည် ဟောင်းနွမ်းပျက်စီးနေပါသဖြင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် (၁၂၀ x ၃၀) ပေ RCC နှစ်ထပ်ဆောင် ဆောက်လုပ်နိုင်ရေး ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၉။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံ ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဇန်တလန်(ခ)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်(၁) (၉၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာသည် ယိုယွင်းဟောင်းနွမ်း ပျက်စီး နေတဲ့အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် (၁၂၀ x ၃၀) ပေ RCC နှစ်ထပ်ဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဇန်တလန်(ခ) ကျေးရွာဟာ ထန်တလန်မြို့မှ အနောက်ဖက် မိုင်(၅၀)အကွာ၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် ဆက်သွယ်တည်ရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ အိမ်ခြေပေါင်း (၁၅၂)အိမ်၊ လူဦးရေပေါင်း (၆၆၃)ဦး ရှိပါတယ်။ ဇန်တလန်(ခ)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် အလယ်တန်းအဆင့် ကျောင်းသူ၊ ကျောင်းသား(၃၈)ဦး၊ မူလတန်းအဆင့် ကျောင်းသူ၊ ကျောင်းသား (၉၂)ဦး၊ စုစုပေါင်း ကျောင်းသူ၊ ကျောင်းသား(၁၃၀)ဦး ရှိပါတယ်။ ဇန်တလန်(ခ)ကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းပိုင် မြေဧရိယာ(၆.၃၅)ဧက ရှိပြီး မြေဂရန်လည်းရှိပြီးဖြစ်ပါတယ်။ လက်ရှိ ဇန်တလန်(ခ) ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဆောင်(၁)(၉၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာဟာ ၁၉၈၁ ခုနှစ်တွင် လူထုမှ ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ခဲ့ပါတယ်။ ၁၉၉၄–၁၉၉၅ ဘဏ္ဍာရေး နှစ်တွင် ပညာရေးဝန်ကြီးဌာနမှ ပြင်ဆင်ထိန်းသိမ်းစရိတ် ကျပ်သိန်း(၃၀) ထောက်ပံ့ပြီး မွမ်းမံ ပြင်ဆင်ဆောက်လုပ်ခဲ့ပါတယ်။


ယခုအခါ ကျောင်းဆောင်ဟောင်းဟာ နှစ်ပေါင်း(၂၆)နှစ် ကြာမြင့်နေပြီဖြစ်ရာ အမိုး၊ အကာ၊ အခင်း၊ တံခါးပေါက်များ၊ တိုင်များ ဟောင်းနွမ်းဆွေးမြည့် ပျက်စီးနေသဖြင့် ကျောင်းသူ၊ ကျောင်းသားများအတွက် အန္တရာယ်ရှိပါတယ်။ ဤကျောင်းဆောင်တွင် မူလတန်းအဆင့် ကျောင်းသူ၊ ကျောင်းသားများ ထားရှိလျက်ရှိပါတယ်။ ဒုတိယအဆောင်(၂) အုတ်ညှပ်တစ်ထပ်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၉၀ x ၃၀)ပေဖြင့် ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေ ကျပ်သိန်း (၄၅၀)ဖြင့် ဆောက်လုပ်ခဲ့ရာ အလယ်တန်းအဆင့် ကျောင်းသူ၊ ကျောင်းသားများကို ထားရှိပါတယ်။ အခန်း(၃) ခန်းအနက်တစ်ခန်းကို ကျောင်းစာအုပ်၊ ကျောင်းအုပ်ဆရာကြီးရုံးခန်း၊ ကျန်တစ်ခန်းကို ဆရာ၊ ဆရာမများအခန်း (Teacher Room)အဖြစ် အသုံးပြုလျက်ရှိပြီး စာသင်ခန်း လုံးဝ လုံလောက်မှုမရှိပါ။ အန္တရာယ်ရှိ ကျောင်းဆောင်ဖြစ်သည်နှင့်အညီ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်အတွက် ၁-၆-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်မပြမေးခွန်းအဖြစ် တင်ပြခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၂-၆-၂၀၁၈ ရက်စွဲပါစာဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရောက်ရှိမှသာ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ပြီး လျာထားသတ်မှတ်ပေးသွားမည်ဟု ပြန်ကြားသော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ရောက်ရှိလာတဲ့အခါ ပါမလာခဲ့ပါ။

Power Point သုံးစွဲခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အရှေ့ဘက်မျက်နှာစာ ဖြစ်ပါတယ်။ ဒါ အနောက်ဘက်မျက်နှာစာ ဖြစ်ပါတယ်။ ဒါ ကျောင်းရဲ့ အတွင်းပိုင်းကို ကျွန်တော်ကိုယ်တိုင်သွားခဲ့ပြီး အဲဒီလိုအခြေအနေ ဖြစ်နေပါတယ်။ ကျေးဇူးတင်ပါတယ်။ အထက်ပါပုံတွင် မြင်တွေ့သည့်အတိုင်း ဇန်တလန်(ခ)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (၉၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ ကျောင်းဆောင်ဟာ အိုမင်းဆွေးမြည့်ပြီး ကျောင်းသူ၊ ကျောင်းသားများ အန္တရာယ်ရှိတဲ့အတွက် ၎င်းကျောင်းဆောင်ဟောင်းကို ဖျက်သိမ်းပြီး (၁၂၀ x ၃၀)ပေ RCC နှစ်ထပ်အဆောင်သစ်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အလေးအနက် စဉ်းစားပေးရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဇနိတလန်(ခ)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(Front Side)မှ မြင်ကွင်းပုံ (ဗ)



ဇနိတလန်(ခ)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(Back Side)မှ မြင်ကွင်းပုံ (ဗ-၁)



ဇနိတလန်(ခ)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (Inner Side)မှ မြင်ကွင်းပုံ (ဗ-၂)



**မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် (၁၃၀ x ၃၀) ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၄။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းသားဦးရေ နှစ်စဉ် များပြားလာမှုကြောင့် လာမည့်ဘဏ္ဍာရေးနှစ်တွင်(၁၃၀ x ၃၀)ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ် (၁)ဆောင်အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်းဟာ အထက်တန်းအဆင့်၊ အလယ်တန်း အဆင့်နဲ့ မူလတန်းအဆင့် ကျောင်းသူ၊ ကျောင်းသားဦးရေ နှစ်စဉ်တိုးပွား များပြားလျက်ရှိပါတယ်။ ၂၀၁၇ – ၂၀၁၈ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ (၁၇၈၁)ဦးရှိပြီး ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ (၁၉၃၆)ဦးရှိပါတယ်။ ထို့အပြင် ၂၀၁၉–၂၀၂၀ ပညာသင်နှစ်မှာလည်း ကျောင်းသားဦးရေ(၂၀၄၆)ဦးအထိ ကျောင်းသူ၊ ကျောင်းသားဦးရေ နှစ်စဉ် တိုးပွားများပြားလာပြီး ပညာသင်ကြားကြပါတယ်။ စုစုပေါင်းစာသင်ခန်း (၃၈)ခန်းနဲ့ စာသင်ဆောင် (၅)ဆောင်အပြင် ကျောင်းသားအင်အားမဝင်ဆံ့၍ ကိုယ်ထူကိုယ်ထ အကြီးစားပြင်ဆင်ခဲ့ရသော(ရာမည) အန္တရာယ်ရှိကျောင်းဆောင်ကိုပါ ထည့်သွင်းအသုံးပြုထားလျက်ရှိနေပါတယ်။ လမိုင်းမြို့ပေါ်ရှိ မူလတန်းကျောင်း (၃)ကျောင်းမှ စတုတ္ထတန်းအောင်မြင်ပြီးသော ကျောင်းသားများ၊ အ.လ.က(၁)မှ အဋ္ဌမတန်း အောင်မြင်ပြီးသော ကျောင်းသားတွေဟာ နှစ်စဉ်နှစ်တိုင်း အ.ထ.က လမိုင်းသို့ အစုလိုက်အပြုံလိုက် ဝင်ရောက်ပြောင်းရွှေ့လာမှုကြောင့် စာသင်ဆောင် အခက်အခဲများ နှစ်စဉ် ဖြစ်ပေါ်လာခဲ့ပါတယ်။

သို့ဖြစ်ပါ၍ စာသင်ခန်းနှင့် စာသင်ဆောင်အခက်အခဲများ နှစ်စဉ်ဖြစ်ပေါ်နေမှုကို ဖြေရှင်းပေးနိုင်ရန်အတွက် (၁၃၀ x ၃၀) ပေ RCC နှစ်ထပ် ကျောင်းဆောင်သစ်(၁)ဆောင်အား လာမည့် ဘဏ္ဍာရေးနှစ်တွင် လျာထားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ ဝါးတော အခြေခံပညာမူလတန်း(လွန်) ကျောင်းတွင် (၉၀ x ၃၀)ပေ RCC တစ်ထပ်ကျောင်းဆောင်သစ်အား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်ကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၆။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသော မေးခွန်းမှာ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ ဝါးတော အခြေခံပညာမူလတန်း(လွန်) ကျောင်းတွင် (၉၀ x ၃၀ )ပေ RCC တစ်ထပ်ကျောင်းဆောင်သစ် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ ဝါးတော အခြေခံပညာမူလတန်း(လွန်)ကျောင်းကို ၁–၆–၁၉၆၇ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁–၆–၂၀၁၃ ရက်နေ့တွင် အခြေခံပညာမူလတန်းမှ မူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ KG+ မူကြို ဖွင့်လှစ်ခဲ့ခြင်းတို့ကြောင့် ကျောင်းသားဦးရေ တိုးပွားလာပါတယ်။ ကျောင်းသည် တစ်သုတ်တက်ကျောင်းအမျိုးအစားဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ (၄၀၁)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ လက်ရှိ ဝါးတောအခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ၁၉၇၆ ခုနှစ်တွင် မိဘပြည်သူများ တည်ဆောက်ခဲ့သော (၁၄၀ x ၅၀)ပေ တစ်ထပ် သွပ်မိုး၊ အုတ်စီ စာသင်ကျောင်းဆောင်နှင့် ၂၀၁၁ ခုနှစ်တွင် မိဘပြည်သူများတည်ဆောက်ခဲ့သော (၄၀ x ၃၀)ပေ တစ်ထပ်၊ သွပ်မိုး၊ အုတ်ကာ စာသင်ဆောင် (၂)ဆောင်သာရှိပြီး လွန်ခဲ့သောကျောင်းဖွင့်ကာလတွင် စာသင်ဆောင် မလုံလောက်သဖြင့် ကျောင်းရှိ ဆရာ၊ ဆရာမများနှင့် အလှူရှင်(၁)ဦးမှ သွပ်မိုး၊

ဝါးတိုင် ယာယီစာသင်ဆောင် (၁)ဆောင်အား ဆောက်လုပ်၍ ကျောင်းသူ၊ ကျောင်းသားများအား ပညာသင်ကြားပေးခဲ့ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ ဝါးတော အခြေခံပညာ မူလတန်း(လွန်)ကျောင်းတွင် (၉၀ x ၃၀ )ပေ RCC တစ်ထပ်ကျောင်းဆောင်သစ်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုးညှင်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ အန္တရာယ်ရှိ ကျောင်းဆောင်ဖြစ်သော ပြည်တော်သာကျောင်းဆောင်အား ဖျက်သိမ်း၍ (၁၇၀ x ၃၀ x ၂၄)ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၈။**

**ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ပဏာမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အခြေခံပညာကျောင်းဆောင်သစ် ရရှိရေးနှင့် ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုးညှင်းမြို့ပေါ်မှာရှိတဲ့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိုးညှင်းရဲ့ အန္တရာယ်ရှိ ကျောင်းဆောင်ဖြစ်တဲ့ ပြည်တော်သာကျောင်းဆောင်အား ဖျက်သိမ်းပြီးတော့မှ (၁၇၀ x ၃၀ x ၂၄)ပေ RCC နှစ်ထပ် ကျောင်းဆောင် ဆောက်လုပ်ပေးရန်နဲ့ ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မိုးညှင်း မြို့နယ်၊ မိုးညှင်းမြို့ပေါ်မှာရှိတဲ့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (မိုးညှင်း)မှာဆိုရင် သွပ်မိုး၊ သစ်သား၊ အုတ်ညှပ် နှစ်ထပ်ဆောင် (၃)ဆောင်နဲ့ တစ်ထပ်ဆောင် (၄)ဆောင် စုစုပေါင်း ကျောင်းဆောင် (၇)ဆောင်ရှိပါတယ်။ အထက်မေးခွန်းမှာပါရှိတဲ့ အန္တရာယ်ရှိ ကျောင်းဆောင်အဖြစ် တင်ပြတဲ့ ကျောင်းဆောင်ဟာဆိုရင် ၁၉၅၈ ခုနှစ်၊ ပြည်တော်သာစီမံကိန်းဖြင့် ဆောက်လုပ်ခဲ့တဲ့ ကျောင်းဖြစ်တဲ့အတွက်ကြောင့် ပြည်တော်သာကျောင်းဆောင်ဟု ခေါ်တွင်ကာ (၂၀၂ x ၂၉ x ၁၈)ပေ

တစ်ထပ်ဆောင်ဖြစ်ပြီးတော့မှ အုတ်ကြွပ်မိုး၊ သစ်သား၊ အုတ်တစ်ပိုင်း၊ ပျဉ်တစ်ပိုင်း ကာရံဆောက်လုပ်ထားပြီးတော့မှ ကျောင်းဆောင်တွေထဲမှာ အစောဆုံးဆောက်လုပ်သည့် ကျောင်းဆောင် ဖြစ်သည့် အားလျော်စွာ ကျောင်းဆောင်လိုအပ်ချက်အရ အထက်ဖော်ပြပါ ပြည်တော်သာကျောင်းဆောင် ဖြစ်သည့် အန္တရာယ်ရှိ ကျောင်းဆောင်မှာ လက်ရှိ စာသင်ခန်း(၁)ခန်းနဲ့ ဆရာ၊ ဆရာမများ နားနေခန်း (၁)ခန်း မဖြစ်မနေသုံးစွဲနေကြောင်း သိရှိရပါတယ်။

မိုးညှင်းမြို့ပေါ်မှာ အခြေခံပညာကျောင်း (၃)ကျောင်းရှိပြီးတော့မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အရ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှာဆိုလို့ရှိရင် ကျောင်းသားဦးရေ (၁၄၄၀) ဦး၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှာဆိုလို့ရှိရင် ကျောင်းသားဦးရေ (၁၁၇၀)ဦး ပညာသင်ကြားနေသော်လည်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှာ မိုးညှင်းမြို့ရဲ့ အချက်အချာကျတဲ့နေရာမှာတည်ရှိတဲ့အပြင် ခေတ်အဆက်ဆက် အစဉ်အလာကောင်းနဲ့ ရပ်တည်ခဲ့တဲ့ ကျောင်းဖြစ်တဲ့အတွက် ပတ်ဝန်းကျင်ကျေးရွာမှ ကျောင်းသား၊ ကျောင်းသူများလာရောက်ပညာသင်ကြားလျက်ရှိရာ ကျောင်းသားဦးရေ (၂၃၀၀)ဦးခန့် ရှိကြောင်းသိရှိရပါတယ်။

ယခုအခါ ပညာရေးဝန်ကြီးဌာနရဲ့ (KG+12) ပညာရေးစနစ်အရ နောင်လာမည့် စာသင်နှစ်များမှာဆိုရင် ကျောင်းသားဦးရေပိုမိုများပြားလာမှာဖြစ်ပြီး မိုးညှင်းမြို့နယ်အတွင်း အခြေခံပညာဦးစီးဌာနက ကျင်းပတဲ့သင်တန်းများ၊ အခမ်းအနားများ နှစ်စဉ်၊ လစဉ် စဉ်ဆက်မပြတ် လက်ခံကျင်းပပေးနေရတဲ့ ကျောင်းဖြစ်တဲ့အတွက်ကြောင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှာ မဖြစ်မနေ ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရှိရပါတယ်။

သို့ရာတွင် အန္တရာယ်ရှိ ကျောင်းဆောင်အဖြစ်သတ်မှတ်ထားတဲ့ ပြည်တော်သာကျောင်းဆောင်ဟာဆိုလို့ရှိရင် သက်တမ်းနှစ်(၆၀)ကျော် ကြာမြင့်နေတာကြောင့် ခေတ်နှင့်မလျော်ညီသည့် ကျောင်းဆောင်ဖြစ်၍ မြို့အင်္ဂါရပ်နှင့် မညီညွတ်တာကတစ်ကြောင်း၊ ရှေးယခင် သစ်သား အုတ်ကြွပ်မိုး၊ ပျဉ်ကာအဆောက်အဦဖြစ်တဲ့အတွက် ယခုအခါမှာ မျက်နှာကြက်တို့၊ တံခါး ကျည်းဘောင်တို့ကွာကျပြီး အမိုးများမလုံခြင်းတို့ကြောင့် အန္တရာယ်ရှိ ကျောင်းဆောင်အနေအထားသို့ ရောက်ရှိနေပါသဖြင့် အထက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၄၁။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာပျော်ရွှင်၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ၏ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုပါရန်နှင့် Power Point အသုံးပြုရှင်းလင်းဖြေကြားခွင့်ပြုပါရန်နှင့် အချိန်အနည်းငယ်ပိုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်ပြီး ပူးပေါင်းဆောင်ရွက်တတ်သော ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိသော လူသားကောင်းများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ပြီး အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း ၂၀၁၆-၂၀၂၁ ပါ လုပ်ငန်းစဉ်များကို အခြေခံပညာအဆင့်မှာ (KG + 12)သင်ရိုးသစ်ကို ၂၀၁၆ -၂၀၁၇ ပညာသစ်နှစ်က စတင်အသုံးပြု သင်ကြားသင်ယူ လေ့ကျင့်ပေးလျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေကို ကတိပေးထားတဲ့အတိုင်းပဲ ပညာရေးဟာ မွေးဖွားချိန်မှ အစပြုကာဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် သင်ယူနိုင်မယ့် အခွင့်အလမ်းတွေရရှိဖို့နဲ့ အကျိုးရှိတဲ့ပညာရပ်များ သင်ယူတတ်မြောက်ကြရန်အတွက် ဦးတည်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ သူငယ်တန်း၊ KG၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းနဲ့ ဆဋ္ဌမတန်း သင်ရိုးညွှန်းတမ်းတွေကို သက်ဆိုင်ရာ ပညာသင်နှစ်အလိုက် ပြောင်းလဲသင်ကြား သင်ယူလေ့ကျင့်ပေးခဲ့ပြီး ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ စတုတ္ထတန်း၊ သတ္တမတန်းနှင့် ဒသမတန်းတို့ကို သင်ရိုးသစ်တွေနဲ့ ပြောင်းလဲသင်ကြားသင်ယူ လေ့ကျင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

သင်ရိုးသစ်တွေကို ပြောင်းလဲသင်ကြားသင်ယူပေးရာမှာလည်း ကျောင်းသုံးဖတ်စာအုပ်ပါ သင်ခန်းစာတွေသာမက သင်ခန်းစာများနှင့် ဆက်စပ်နေတဲ့ အကြောင်းအရာ အချက်အလက်တွေကို ရှာဖွေလေ့လာဖတ်ရှုတဲ့ အလေ့အထရရှိစေဖို့အတွက်လည်း စာကြည့်တိုက်ကို အခြေခံပြီး လေ့လာသင်ယူမှုပြုလုပ်နိုင်တဲ့ သင်ခန်းစာတွေကိုလည်း ထည့်သွင်းဖော်ပြထားပါတယ်။ သင်ရိုးသစ်တွေကို ပြုစုတဲ့အခါမှာလည်းပဲ သင်ရိုးအဟောင်းသည် (၈၀)ရာခိုင်နှုန်းပေါ်မှာ အခြေခံပြီး (၂၀) ရာခိုင်နှုန်းကိုသာ သင်ရိုးသစ်၊ အကြောင်းအရာအသစ်တွေနဲ့ (၂၁)ရာစု ကျွမ်းကျင်မှုတွေကို ရရှိဖို့အတွက်ကို ကျွန်တော်တို့ မျှော်မှန်းပြီးတော့ ပြုစုဆောင်ရွက်လျက်ရှိပါတယ်။ သင်ရိုးသစ်တွေမှာ

တတိယတန်း မြန်မာစာမှာ စာဖတ်ခန်းသွားကြမယ်။ စတုတ္ထတန်း မြန်မာစာမှာ ဗဟုသုတရှာကြမယ် စာကြည့်တိုက်မှာကွယ်၊ စာကြည့်တိုက်အသုံးပြုဖို့နဲ့ စာကြည့်တိုက်မှာ စာအုပ်တွေဘယ်လိုရှာဖွေဖတ်ရှုရမယ်ဆိုတာတွေကို သိရှိနားလည်စေဖို့အတွက် ဖတ်စာအုပ်တွေထဲမှာ ထည့်သွင်းထားပါတယ်။ ဆဋ္ဌမတန်း (Grade–6)ရဲ့ ပထဝီဝင်၊ သမိုင်း၊ သတ္တမတန်း ပထဝီဝင်ရဲ့ သစ်တောပြုန်းတီးမှုနဲ့ ထိန်းသိမ်းကာကွယ်ခြင်း၊ ဒသမတန်းဘာသာရပ်တွေ သင်ခန်းစာအားလုံးကို စာကြည့်တိုက်တွေနဲ့ Online Resource တွေမှာလည်း လေ့လာသင်ယူနိုင်ဖို့အတွက်လည်း အသိပေးဆောင်ရွက်လျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ရှိပြီးသော စာကြည့်တိုက်များ ပြန်လည်ရှင်သန်ဖွံ့ဖြိုးရန်၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ အပါအဝင် ကျောင်းစာကြည့်တိုက်များကို အသုံးချလျက် များများသင်ယူခြင်းဖြင့် ကိုယ့်အားကိုယ်ကိုးပြီး တွေးခေါ်မှုကောင်းလာ၍ ပြဿနာဖြေရှင်းနိုင်ခြင်း၊ တစ်သက်တာသင်ယူနိုင်ခြင်း၊ သတင်းအချက်အလက် နည်းပညာအသုံးပြုဆောင်ရွက်နိုင်ခြင်း၊ ကိုယ့်ကိုယ်ကို အကဲဖြတ်စိစစ်၍ ပိုမိုအမှားနည်းကောင်းမွန်လာစေခြင်း၊ လူမှုရေးစွမ်းရည် ပိုမိုကောင်းမွန်လာစေခြင်းတို့အတွက် ကျောင်းသားလူငယ်များ အားလပ်ချိန်ကို တန်ဖိုးရှိစွာ အကောင်းဆုံးအသုံးချတတ်စေရန်နဲ့ ကျောင်းစာကြည့်တိုက် အသုံးချခြင်းမှ တတ်သိပညာဖြင့် ထာဝရငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရာမှာ ပါဝင်မယ့် ကျွမ်းကျင်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ပေါက်စေရန် စတဲ့ ရည်ရွယ်ချက်များနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခင်က စာကြည့်တိုက်ရှိသော အခြေခံပညာကျောင်းများတွင် ကျောင်းစာကြည့်တိုက်များအတွက် အားကစား၊ စာရေးကိရိယာ၊ စာကြည့်တိုက်၊ မိဘဆရာအသင်းရန်ပုံငွေမှ ခွဲဝေသုံးစွဲခြင်းကို အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅–၂၀၁၆ ပညာသင်နှစ်မှစတင်၍ ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေတွေကိုလည်း အခြေခံပညာကျောင်းများအားလုံး သတ်မှတ်အချိုးနှင့်အညီ ခွဲဝေချထားပေးပြီး ငွေစာရင်းခေါင်းစဉ်(၁၃)ခုနှင့်အညီ ခွဲဝေသုံးစွဲခဲ့ရာ အဆိုပါခေါင်းစဉ်များတွင် စာကြည့်တိုက်ဆိုင်ရာအတွက် ခေါင်းစဉ်တစ်ခု ခွဲဝေပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကတော့ ၂၀၁၆ ခုနှစ် ဧပြီလကနေ ၂၀၂၀ မတ်လအထိ ကျောင်းစာကြည့်တိုက်အသစ် တစ်နိုင်ငံလုံး တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးမှာ (၁၄၉)ခုနဲ့ ပြင်ဆင်ဆောင်ရွက်တာ (၁၀၅၆၃)ခု၊ စာအုပ်အရေအတွက် စုစုပေါင်း (၂၀၈၅၅၈၄)အုပ်ကို ကျောင်းစာကြည့်တိုက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ရေးစီမံချက် ဆောင်ရွက်မည့်ကျောင်းများသို့

Computer နှင့် UPS များ ကွန်ပျူတာစားပွဲ၊ ခုံ၊ ပလတ်စတစ်ခုံ၊ စာအုပ်စင်၊ စာအုပ် Trolley၊ ဘီရို စတာတွေကိုလည်း စုစုပေါင်း ကျပ်သန်း(၇၁၃၀.၃၆၉) တန်ဖိုးဖြန့်ဝေပေးခဲ့ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ရေးစီမံချက် ဆောင်ရွက်မည့် ကျောင်းများအတွက် စာအုပ်စင်၊ စာကြည့်တိုက်ဆိုင်ရာ စာရေးကိရိယာ၊ စာကြည့်တိုက် အထောက်အကူပြုပစ္စည်းများ၊ စာဖတ်စားပွဲခုံ၊ စာအုပ်နဲ့ သင်တန်းစရိတ်များအတွက်လည်း ရန်ပုံငွေစုစုပေါင်း ကျပ်သန်း (၁၈၀၅.၆၅၀) ခွဲဝေသုံးစွဲခဲ့ပါတယ်။ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ရန်ပုံငွေမှ ကျောင်းစာကြည့်တိုက်လုပ်ငန်းများအတွက် စုစုပေါင်းကျပ်သန်း (၁၅၁၂၈.၂၇၉) သုံးစွဲဆောင်ရွက်ဖြည့်ဆည်းခဲ့ပါတယ်။ ဒါကတော့ ကျောင်းစာကြည့်တိုက်ဖြစ်ပါတယ်။ ဒါကတော့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စာရင်းအရ ပြန်လည်ပြီးတော့ ပြင်ဆင်ပေးမှာဖြစ်ပါတယ်။ စုစုပေါင်း အရေအတွက် တိုးတက်လာတာကိုပဲ တင်ပြလိုတာဖြစ်ပါတယ်။

အဆိုပါရန်ပုံငွေ ခွဲဝေမှုတွေအပြင် စာကြည့်တိုက်ရှိရန် လိုအပ်တဲ့ကျောင်းတွေကို နှစ်စဉ်ရန်ပုံငွေများခွဲဝေပေးပြီး စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အထူးသဖြင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း၊ မြန်မာစာပေပံ့ပိုးကူညီမှုနဲ့ ထိန်းသိမ်းစောင့်ရှောက်မှု ပရဟိတအဖွဲ့ MBAPF ၊ Room to Read အဖွဲ့နဲ့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းတို့ ပူးပေါင်းဆောင်ရွက်နေတဲ့ စာဖတ်ကြစို့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စာကြည့်တိုက်ဆိုင်ရာ သင်တန်းများပေးခြင်း၊ လိုအပ်သော ပရိဘောဂနှင့်စာအုပ်များ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ဒီကျောင်းတွေကို ဆက်လက်ပြီး တိုးချဲ့စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဒီလုပ်ငန်းတွေက အောင်မြင်တဲ့အတွက် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း စာကြည့်တိုက်အသင်း MBAPF၊ Room to Read နဲ့ လွှတ်တော်ကိုယ်စားလှယ်များ ကျောင်းအုပ်၊ မိဘ၊ ဆရာ၊ ကျောင်းသားများနဲ့ ပြည်သူများကိုလည်း ပူးပေါင်းဆောင်ရွက်ပေးတဲ့အတွက် ပညာရေးဝန်ကြီးဌာနကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ နေပြည်တော်မှာ ဆောင်ရွက်တဲ့ ကျောင်းအချို့ကို ကျွန်တော် တင်ပြတာဖြစ်ပါတယ်။ ဒါကလည်း နေပြည်တော် ဖြစ်ပါတယ်။ နောက်တစ်ခုက ရန်ကုန်တိုင်းဒေသကြီးမှာ ကျွန်တော်တို့ စာကြည့်တိုက်အသင်းနဲ့ အလှူရှင်တွေ ပူးပေါင်းဆောင်ရွက်တဲ့ ကျောင်းစာရင်းအချို့ဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်ဟာ (၅၃)ကျောင်းစာရင်းကို တင်ပြတာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာလည်း ပူးပေါင်းဆောင်ရွက်တဲ့ အခါမှာ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနဲ့ MBAPF တို့နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ ကျောင်းစာရင်း(၁၆)

ကျောင်းရဲ့ စာရင်းဖြစ်ပါတယ်။ ဒါ့အပြင် ရှန်တီစေတနာ၀န်ထမ်းအဖွဲ့နဲ့လည်း စာကြည့်တိုက်ဆိုင်ရာ လုပ်ငန်းတွေကို ပဲခူးတိုင်းဒေသကြီး အနောက်မှာရှိတဲ့ မြို့နယ်တွေမှာ ၂၀၁၈-၂၀၁၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါအဖွဲ့အနေနဲ့လည်း စာကြည့်တိုက်ဆိုင်ရာသင်တန်းများ၊ စာဖတ်စွမ်းရည်ဆိုင်ရာ ပြိုင်ပွဲတွေကို နှစ်စဉ်ဆောင်ရွက်ပေးခြင်း၊ ဆောင်ရွက်ပြီးစီးမှုတွေကို Monitoring ဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။

ကျောင်းစာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆရာ၊ ဆရာမတွေကို သင်တန်းပေးတာကလည်းပဲ အင်မတန် အရေးကြီးပါတယ်။ ဒါကြောင့် ပညာရေး၀န်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ စာကြည့်တိုက်တာ၀န်ယူဆောင်ရွက်နေတဲ့ ဆရာ၊ ဆရာမတွေ စုစုပေါင်း (၃၀၀)ဦးကို ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကနေ ဦးစီးပြီးတော့မှ (၃)ကြိမ် ကျွန်တော်တို့ ဒါ သင်တန်းပေးခဲ့ပြီး ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ ဖွင့်လှစ်သော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲသင်တန်းနဲ့ (၅)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများမှ ကျောင်းစာကြည့်တိုက်၊ အလုပ်ရုံဆွေးနွေးပွဲ(ဖိလစ်ပိုင်)ကိုလည်း သင်တန်းသားတွေ စေလွှတ်ပေးခဲ့ပါကြောင်းနဲ့ ကျောင်းစာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းအုပ်ကြီးများ မွမ်းမံသင်တန်းမှာ စာကြည့်တိုက်ဆိုင်ရာ အကြောင်းအရာတွေကိုလည်း ပို့ချပေးခဲ့ပြီး အခြေခံပညာကျောင်းများရှိ စာကြည့်တိုက်များမှာ စာကြည့်တိုက်တာ၀န်ခံတစ်ဦးထားရှိ၍ စာအုပ်ငှားကတ်ဖြင့်စာအုပ်များ ငှားရမ်းဖတ်ရှုစေခြင်း၊ ဖတ်ရှုပြီးတဲ့ အကြောင်းအရာတွေကို စာသင်ခန်းအတွင်း ပြန်လည်ပြောပြစေခြင်း၊ ကျောင်းစုဝေးပွဲများတွင် ပြန်လည်ပြောကြားစေခြင်းတို့ကိုလည်း ကျောင်းအလိုက်ဆောင်ရွက်ပေးခြင်း၊ မြို့နယ်အဆင့် စာဖတ်ပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများကိုလည်း ဆောင်ရွက်ပေးခြင်းဖြင့် စာဖတ်ရှိန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နောက်ပုံတွေကတော့ နေပြည်တော်မှာ ၂-၅-၂၀၁၈ ရက်နေ့က အာဆီယံနဲ့ ပူးပေါင်းပြီးတော့မှ စာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ အလုပ်ရုံဆွေးနွေးပွဲ ဒါ သာသနာရေးနှင့်ယဉ်ကျေးမှု၀န်ကြီးဌာနနဲ့ ပူးပေါင်းပြီးတော့မှ စီစဉ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါကတော့ ညောင်ဦး၊ တောင်ဇင်း အခြေခံပညာအထက်တန်းကျောင်းမှာ ဦးတိရယ် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ စာကြည့်တိုက်အခန်းထဲမှာဆိုရင် စာဖတ်နေတဲ့ ကလေးတွေကို ဘယ်အကြောင်းအရာတွေ ဖတ်နေတယ်၊ ဒါတွေကိုလည်းပဲ ကျွန်တော်တို့ ခုနတုန်းက အဆိပ်အတောက်ရှိတဲ့ စာပေတွေ မပါသွားဖို့အတွက် စိစစ်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

အ.လ.က(၉) အင်းစိန်မှာ ကျောင်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ဖြစ်ပါတယ်။ ဒါကတော့ ကျောင်းစာကြည့်တိုက်ရဲ့ပုံ ဖြစ်ပါတယ်။ ကျောင်းစာကြည့်မှာလည်း နံရံတွေကိုလည်းပဲ ပန်းချီဆရာတွေရဲ့ မေတ္တာနဲ့ ကူညီမှုအတွက် ဒါကလေးတွေစိတ်ဝင်စားအောင် ဒီလိုမျိုး ဆွဲဆောင်မှု ရှိတဲ့ စာကြည့်တိုက်တွေဖြစ်လာအောင် စီစဉ်ဆောင်ရွက်တာကို ဒါ ဖတ်ဖူးတဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့ ပြန်လည်ပြီးတော့မှ ဆွေးနွေးပြောကြားနေတာ ဖြစ်ပါတယ်။ အ.လ.က – ၄ (အင်းစိန်)ရဲ့ စာကြည့်တိုက်ဖွင့်ပွဲဖြစ်ပါတယ်။ အ.မ.က–၁၄ (အင်းစိန်) စာကြည့်တိုက်ဖွင့်ပွဲဖြစ်ပါတယ်။ စာအုပ်စင်တွေ၊ ကလေးတွေ စိတ်ဝင်စားတဲ့ စာအုပ်တွေကို ဖြည့်ဆည်းပေးထားတာ ဖြစ်ပါတယ်။ အ.မ.က–၁၅ (အင်းစိန်)ရဲ့ သုတကမ္ဘာ စာကြည့်တိုက်ဖွင့်ပွဲဖြစ်ပါတယ်။ အ.လ.က–၂ (တာမွေ)ရဲ့ စာဖတ်ကြစို့ စီမံကိန်းနဲ့ အကောင်အထည်ဖော်တဲ့ စာကြည့်တိုက်ဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် စာကြည့်တိုက်အခန်း ဖြစ်ပါတယ်။ ဖတ်ပြီးတဲ့ စာအုပ်တွေကို ပြန်လည်ပြီးတော့ ဆွေးနွေးနေတာဖြစ်ပါတယ်။ အ.မ.က–၂၂ (တာမွေ)ရဲ့ စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ဖြစ်ပါတယ်။ ဒါကတော့ သူတို့ရဲ့ သင်ထောက်ကူ ပစ္စည်းတွေ အသုံးပြုပြီးတော့မှ ပြန်လည်ရှင်းလင်းဆွေးနွေးတဲ့ပုံ ဖြစ်ပါတယ်။ အ.မ.က(၇)တာမွေ ဖြစ်ပါတယ်။

ဒီမှာလည်း စာကြည့်တိုက်ဖွင့်ပွဲလုပ်တဲ့အခါမှာ စာရေးဆရာကြီး အသက် (၉၂)နှစ်ရှိပါပြီ။ စာကြည့်တိုက်ဖွင့်ပွဲ ဆောင်ရွက်တဲ့အတွက်ကြောင့် (၇)ထပ်မှာ ကျင်းပသော်လည်းပဲ (၉၂)နှစ် စာရေးဆရာကြီးဟာဆိုရင် လာရောက်ပူးပေါင်းဆောင်ရွက်ပြီး အင်မတန် ကျေးဇူးတင်ကြောင်းကိုလည်း ပြောသွားပါတယ်။ မနှစ်ကတော့ သူမရှိတော့ပါဘူး။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကုလားကုန်းကျေးရွာ စာကြည့်တိုက်မှ စာကြည့်တိုက်ပုံးလေးပေ့ါ ကျွန်တော်တို့ ဒါတွေကို ကလေးတွေ ဖတ်ဖို့အတွက် သူ့အသက်အရွယ်အလိုက် ဖတ်နိုင်တဲ့စာအုပ်တွေ ဖတ်နိုင်ဖို့အတွက် (၂)ပုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ အဲဒီလိုပဲ လှိုင်သာယာမှာရှိတဲ့ အမှတ် (၁၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရဲ့ စကားဖြူကျောင်းစာကြည့်တိုက် ဖြစ်ပါတယ်။ ဒါကတော့ စာအုပ်ဖတ်နေတဲ့ကလေးကို ဘာအကြောင်းအရာတွေ ဖတ်နေတယ်ဆိုတာ ပြန်ဆွေးနွေးတာဖြစ်ပါတယ်။ အမှတ်(၂၉) မူလတန်း(လွန်)ကျောင်းမှာ စာပေနန်းတော်စာကြည့်တိုက်ဖွင့်ပွဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ စာကြည့်တိုက်တွေရဲ့ ထူးခြားချက်ကဘာလဲဆိုရင် စာအုပ်စင်တွေမှာ ဒီလိုမျိုး အရောင်လေးတွေအလိုက် အနီ၊ အစိမ်း၊ အပြာ၊ အဖြူ၊ အဝါ၊ အနက် ဆိုပြီးတော့ အနီရောင်ဆိုရင် Grade 1၊ Grade 2 ကလေးတွေ ဖတ်လို့ရပါတယ်။ အနီ၊ အစိမ်း၊ အပြာဆိုရင် Grade 2 ကလေးတွေ ဖတ်လို့ရပါတယ်။ အစိမ်း၊ အပြာ၊ အဖြူ ဆိုရင် Grade 3 ကလေးတွေ ဖတ်လို့ရပါတယ်။ အပြာ၊ အဖြူ၊ အဝါဆိုရင် Grade 4 ကလေးတွေ ဖတ်လို့ရပါတယ်။ အဖြူ၊ အဝါ၊ အနက်ဆိုရင် Grade 5 ကလေးတွေ ဖတ်လို့ရပါတယ်။ အဝါနဲ့ အနက် ဆိုရင် Grade 6 ကလေးတွေ ဖတ်လို့ရတယ်ဆိုပြီး

သူ့ရဲ့ စာကြည့်တိုက် စာအုပ်စင်တွေမှာ ဒီဟာတွေ Color လေးတွေကပ်ပြီး ကလေးတွေက သူ့ရဲ့ အတန်းနဲ့ လိုက်လျောညီထွေဖြစ်တဲ့ သုတ၊ ရသစာအုပ်တွေကို ဖတ်နိုင်တာဖြစ်ပါတယ်။

ဒါကတော့ စာအုပ်စင်မှာ ကပ်ထားတဲ့ Color လေးတွေ တင်ပြတာဖြစ်ပါတယ်။ ဒါကတော့ အခြေခံပညာ အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်းမှာ ပညာပျိုးခင်း ကျောင်းစာကြည့်တိုက် ဖွင့်ပွဲ ဖြစ်ပါတယ်။ ဒီလိုပဲ သွားတဲ့အခါမှာ Grade 3 ကလေးတွေကိုတော့ စာဖတ်ပြီး နည်းနည်း မေးတဲ့အခါမှာ စာဖတ်တတ်ကြတာကို တွေ့ရပါတယ်။ ဒါကြောင့် ဆရာ၊ ဆရာမတွေ၊ ကျောင်းအုပ်တွေနဲ့ တာဝန်ရှိသူတွေကိုလည်း ကလေးတွေ စာဖတ်တတ်အောင် သင်ကြားသင်ယူ လေ့ကျင့်ပေးတဲ့ အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ သဃ်န်းကျွန်းမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းရဲ့ ပညာမော်ကျောင်းစာကြည့်တိုက်ဖြစ်ပါတယ်။ ဒါကတော့ အ.လ.က–၁(ဒဂုံ)မှာ ကျောင်းစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား ဖြစ်ပါတယ်။ ဒီလိုပဲ ကျောင်းစာကြည့်တိုက်ထဲမှာ ကလေး တွေ စာအုပ်ဖတ်ပြီးတဲ့အခါ လှည့်လည်ပြီးတော့ Review ကို မေးတာဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနကို EU ကနေပြီး ထောက်ပံ့တာရှိပါတယ်။ ယူရို(၂၂၁)သန်း ထောက်ပံ့တာ ဖြစ်ပါတယ်။ နှစ်စဉ် လျာထားထောက်ပံ့တဲ့ (၂၂၁)သန်းသည် (၅)နှစ်ထောက်ပံ့မှာ ဖြစ်ပါတယ်။ ထောက်ပံ့တဲ့အခါမှာ သူတို့က ကျွန်တော်တို့ကို Indicator တွေ သတ်မှတ်ချက်တွေ ပြည့်မီမှ ထောက်ပံ့တာဖြစ်ပါတယ်။

ဒါကြောင့် ဒီထဲမှာလည်းပဲ စာကြည့်တိုက်တွေကလည်းပဲ တစ်ခုဖြစ်တဲ့အတွက် EU ရဲ့ သံအမတ်ကြီးနဲ့ တာဝန်ရှိသူတွေကိုယ်တိုင် အ.ထ.က – ၂(ပျဉ်းမနား)မှာ မနှစ်က သွားရောက်ပြီး ကလေးတွေ စာဖတ်တာတွေကို သွားကြည့်တယ်။ ကျွန်တော်တို့ ကလေးတွေရဲ့ ထူးခြားချက်သည် အရင်တုန်းက မေးတယ်ဆိုရင် တစ်ခုခုမေးလိုက်လို့ရှိရင် တော်ရုံတန်ရုံနဲ့ ပြန်မဖြေနိုင်ဘူး။ အခုဆိုရင် သံအမတ်ကြီး မေးတာတောင် သူတို့ အပြိုင်အဆိုင် ဖြေမယ့်သူတွေဟာ လက်ညှိုးထောင်ထားတာ တစ်တန်းလုံးနီးပါး ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါဟာ စာကြည့်တိုက်ကို အားပေးတဲ့အတွက်ကြောင့် ကလေးတွေဟာဆိုရင် များများသင်ယူပြီးတော့မှ သူတို့ သိလိုတာတွေကို သူတို့ စာများများဖတ် သင်ယူလိုတယ်။ သူတို့ သင်ယူတတ်မြောက်ထားတာတွေကိုလည်း ရွတ်ပြဖို့အတွက် အဆင်သင့် ဖြစ်နေတယ်ဆိုတာ တင်ပြတာဖြစ်ပါတယ်။ အ.ထ.က – ၂ (လှိုင်သာယာ)မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလက ကျောင်းစာကြည့်တိုက်တွေဖြစ်တဲ့ အ.ထ.က – ၁(ရွှေပြည်သာ)၊ အ.ထ.က–၂ (လှိုင်သာယာ)၊ အ.ထ.က–၃(မင်္ဂလာဒုံ)၊ အ.ထ.က(တော်လန်း) ကွမ်းခြံကုန်းကျောင်းတွေမှာ စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားတွေကို တစ်နေရာတည်း စုပေါင်းပြီး ဆောင်ရွက်တာဖြစ်ပါတယ်။

ဒ့ါအပြင် အ.ထ.က–၁(ဖြူး)မှာလည်းပဲ အမျိုးသားကျောင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အောင်ရတနာစာကြည့်တိုက်ဖွင့်ပွဲ ဖြစ်ပါတယ်။ ဒီစာကြည့်တိုက်ကတော့ USA မှာ နေထိုင်နေတဲ့ မြန်မာနိုင်ငံသားကနေပြီး လှူဒါန်းတာဖြစ်တဲ့အတွက် ဒီစာကြည့်တိုက်ကတော့ ကျောင်းတွေမှာ

တော်တော်လေး အဆင့်မီပါတယ်။ ဒါကြောင့် ပညာရေးဝန်ကြီးဌာနအနေနဲ့ စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စာဖတ်တဲ့အလေ့အထတွေ ထွန်းကားဖို့အတွက် ကျွန်တော်တို့ ဒါတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်းရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ခွဲဝေပေးမှုမှာ ချင်းပြည်နယ် ထန်တလန်မြို့နယ်မှာ ကျောင်းဆောင်အသစ် ဆောက်လုပ်ရန် (၅)ကျောင်း၊ ဝန်ထမ်းအိမ်ရာအသစ် ဆောက်လုပ်ရန် (၅)ကျောင်း စုစုပေါင်း (၁၀)ကျောင်းအတွက် ငွေကျပ် သန်းပေါင်း(၂၄၃၇.၃၈) ခွဲဝေဆောင်ရွက်လျက်ရှိပါတယ်။ ချင်းပြည်နယ် ထန်တလန်မြို့နယ်၊ ဇန်တလန်(ခ)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (၉၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် ဆောင်(၁)ဆောင်၊ (၉၀x၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင်(၁)ဆောင်၊ စုစုပေါင်းကျောင်းဆောင် (၂)ဆောင်ရှိတာကို တွေ့ရှိရပါတယ်။ အဆိုပါကျောင်းရှိ ကျောင်းသားအင်အားစာရင်းမှာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်စာရင်းအရ မူလတန်းအဆင့် သင်ယူနေသော ကျောင်းသား၊ ကျောင်းသူ (၉၂)ဦး၊ အလယ်တန်းအဆင့် သင်ယူနေသော ကျောင်းသား၊ ကျောင်းသူ (၃၈)ဦး၊ စုစုပေါင်း (၁၃၀)ဦး ရှိကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ထန်တလန်မြို့နယ်၊ ဇန်တလန်(ခ)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း တွင် အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်းပြီး (၁၂၀ x ၃၀) ပေ Steel Structure တစ်ထပ် ဆောင် တစ်ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေး ရန်ပုံငွေခေါင်းစဉ်အောက်မှ မြို့နယ်ဦးစားပေး အစီအစဉ်အရစိစစ်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ၏ မေးခွန်းအပေါ် ပြန်လည် ရှင်းလင်းတင်ပြ ခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေး ဝန်ကြီးဌာနအနေနဲ့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေ ခွဲဝေပေးမှုမှာ မွန်ပြည်နယ်၊ ရေးမြို့နယ်မှာ ကျောင်းဆောင်အသစ်ဆောက်လုပ်ရန် (၉)ကျောင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် (၁၃)ကျောင်း၊ စုစုပေါင်း (၂၂)ကျောင်းအတွက် ငွေကျပ်သန်းပေါင်း (၁၆၇၉.၈၅) ခွဲဝေဆောင်ရွက် လျက်ရှိပါတယ်။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှာ ရာမညဆောင် (၁၈၀ x ၂၆)ပေ သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း (၂)ထပ်ဆောင် တစ်ဆောင်၊ တောဇဆောင် (၁၂၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း (၁)ထပ်ဆောင် တစ်ဆောင်၊ သမိန်ဗရမ်းဆောင် (၁၅၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း (၂)ထပ်ဆောင် တစ်ဆောင်၊

ဗညားဒလဆောင် (၂၂၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း (၁)ထပ်ဆောင် တစ်ဆောင်၊ ဗညားနွဲ့ဆောင် (၆၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း (၁)ထပ်ဆောင် တစ်ဆောင်၊ ပန်းကုံ့ကော်ဆောင် (၁၃၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း (၂)ထပ်ဆောင် တစ်ဆောင်၊ စုစုပေါင်း ကျောင်းဆောင် (၆)ဆောင်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါကျောင်းရှိ ကျောင်းသား အင်အားစာရင်းမှာ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်မှာ ကျောင်းသား၊ ကျောင်းသူဦးရေ စုစုပေါင်း (၁၉၉၇)ဦးရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ရေးမြို့နယ်၊ လမိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းသားဦးရေအရ (၁၃၀ x ၃၀) ပေ RC နှစ်ထပ်ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ရန်အတွက် လိုအပ်သောရန်ပုံငွေကို မြို့နယ်ဦးစားပေး အစီအစဉ်အရ ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်သို့ ရောက်ရှိမှသာ အဆိုပါ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေ ခေါင်းစဉ်အောက်မှ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ စိစစ်ထည့်သွင်း လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ၏ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် ကျောင်းဆောင်အသစ် ဆောက်လုပ်ရန် (၉)ကျောင်း၊ သိပ္ပံဆောင်ဆောက်လုပ်ရန် (၁)ကျောင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် (၄)ကျောင်း၊ စာကြည့်တိုက်နှင့် မီဒီယာခန်းမဆောက်လုပ်ရန် (၁)ကျောင်း၊ အားကစားရုံဆောက်လုပ်ရန် (၁)ကျောင်း၊ စုစုပေါင်းကျောင်း (၁၆)ကျောင်းအတွက် ငွေကျပ်သန်းပေါင်း(၁၅၀၅.၇) ခွဲဝေဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ ဝါးတော အခြေခံပညာမူလတန်း(လွန်) ကျောင်းမှာ လက်ရှိကျောင်းဆောင် (၁၄၀ x ၅၀)ပေ (၁)ထပ်ဆောင်တစ်ဆောင်၊ (၆၀ x ၃၀)ပေ (၁)ထပ်ဆောင်တစ်ဆောင်နှင့် (၃၀ x ၂၅)ပေ (၁)ထပ်ဆောင်တစ်ဆောင်၊ စုစုပေါင်း ကျောင်းဆောင် (၃)ဆောင်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ ကျောင်းရှိ ကျောင်းသားအင်အားစာရင်းမှာ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း(၄၀၃)ဦးရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ ဝါးတော အခြေခံပညာမူလတန်း(လွန်) ကျောင်းတွင် လိုအပ်လျက်ရှိသော (၉၀ x ၃၀)ပေ RCC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် လိုအပ်သောရန်ပုံငွေကို မြို့နယ်ဦးစားပေးအစီအစဉ်အရ ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်သို့ ရောက်ရှိမှသာ အဆိုပါ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေ ခေါင်းစဉ်

အောက်မှ ဦးစားပေးအစီအစဉ်အရ စိစစ်ထည့်သွင်း လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် ၏ မေးခွန်းအပေါ် ပြန်လည် ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်မှာ ကျောင်းဆောင်အသစ် ဆောက်လုပ်ရန် (၅)ကျောင်း၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် (၁)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း (၆)ကျောင်းအတွက် ငွေကျပ်သန်းပေါင်း(၈၂၉.၉၅) ခွဲဝေဆောင်ရွက်လျက်ရှိပါတယ်။

ချင်းပြည်နယ်၊ မိုးညှင်းမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှာ လက်ရှိကျောင်းဆောင်များမှ ပတ္တမြားဆောင် (၃၂၆ x ၈၉ x ၃၄)ပေ သွပ်မိုး၊ အုတ်ညှပ်၊ အင်္ဂတေခင်း နှစ်ထပ်ဆောင် တစ်ဆောင်၊ စိမ်းရတနာဆောင် (၉၈ x ၂၇ x ၃၂)ပေ သွပ်မိုး၊ အုတ်ညှပ်၊ အင်္ဂတေခင်း နှစ်ထပ်ဆောင် တစ်ဆောင်၊ ပြည်တော်သာဆောင် (၂၀၂ x ၂၉ x ၁၃)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် တစ်ဆောင်၊ နီလာဆောင် (၁၈၀x ၂၇ x ၁၇)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် တစ်ဆောင်၊ ရွှေဝါဆောင် (၁၄၄ x ၃၀ x ၁၂)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင် တစ်ဆောင်၊ ပယင်းဆောင် (၁၈၀ x ၃၀ x ၁၃)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်း ကျောင်းဆောင်(၆)ဆောင်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါကျောင်းရှိ ကျောင်းသားအင်အားစာရင်းမှာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း (၂၂၄၃)ဦး ရှိကြောင်းစိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ မိုးညှင်းမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် အန္တရာယ်ရှိကျောင်းဆောင်ဖြစ်သော ပြည်တော်သာကျောင်းဆောင်အားဖျက်သိမ်း၍ (၁၇၀x ၃၀)ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် လိုအပ်သောရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေး ရန်ပုံငွေခေါင်းစဉ်အောက်မှ မြို့နယ်ဦးစားပေးအစီအစဉ်အရစိစစ်၍ ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုအထူးကျေးဇူးတင်ရှိပါတယ်။

## အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ်(၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၇။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်းဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်တောင်းခံအပ်ပါတယ်။ အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်ဖြစ်တဲ့ အခန်း(၁) အပိုဒ် ၃(ဌ)မှာပါတဲ့ ဌာနပိုင်၊ ပုံသေပိုင်ပစ္စည်းများကို ရောင်းချခြင်း၊ လွှဲပြောင်းခြင်းရဲ့နောက်မှာ ငှားရမ်းခြင်းဆိုတာကို အစားထိုးပြင်ဆင်သွားမှာဖြစ်ပြီး။ အခန်း(၁) အပိုဒ် ၃(ဂဂ)မှာ လုပ်ငန်းလည်ပတ်နိုင်သည်အထိရဲ့ နောက်မှာ အရည်အသွေးမီဆိုတဲ့ စကားရပ်ကို အစားထိုးချင်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၂) အပိုဒ် ၄(စ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများ တိုးတက်စေရန်ရဲ့နောက်မှာ နှင့်ပြည်သူများ ပါဝင်သိရှိခွင့်ကိုလည်း လမ်းဖွင့်ပေးနိုင်ရန် ဆိုတာကို ပြင်ဆင်အစားထိုးပြီး အခန်း(၃) အပိုဒ် ၅ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်း ရဲ့နောက်မှာ ငှားရမ်းခြင်းဆိုတာကို ဖြည့်စွက်ချင်ပါတယ်။ ဆက်လက်ပြီး အခန်း(၃) အပိုဒ် ၆(က)နဲ့ (ခ)မှာလည်း နိုင်ငံပိုင်ပစ္စည်းများ ထုခွဲခြင်း၊ ငှားရမ်းခြင်းဆိုတာကို အသီးသီးထည့်သွင်းချင်ပါတယ်။ အခန်း(၈) အပိုဒ် ၃၆ စာချုပ်ပါ အငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းဖြင့်ရဲ့ နောက်မှာ အချိန်မီဆိုတဲ့ စကားကို အစားထိုးလိုပြီး အခန်း(၉) အပိုဒ် ၃၇၊ ၃၈(ဂ)မှာ အချိန်မီဆိုတဲ့စကားကို အစားထိုး၍ အခန်း(၉)ရဲ့ အပိုဒ် ၃၉ ဌာနပိုင်၊ ပုံသေပိုင်ပစ္စည်းများကိုထုခွဲရဲ့နောက်မှာ ငှားရမ်းဆိုတဲ့ စကားစုကို အစားထိုးခြင်းအပြင် ပုဒ်မခွဲ(စ)အဖြစ် ငှားရမ်းအသုံးပြုစေခြင်းဆိုတာကို အသစ်ဖြည့်စွက်လိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်မံဖြည့်စွက်ချင်တဲ့ ပုဒ်မတွေအနေနဲ့တင်ပြရရင် အခန်း(၁၁) အပိုဒ် ၄၆(ဃ) တင်ဒါတင်သွင်းသူများရဲ့ ကြားရဲ့နောက်မှာ သို့မဟုတ် တင်ဒါတင်သွင်းသူနှင့် ဝယ်ယူသည့်ဌာနတို့အကြား ဆိုတာကို ဖြည့်စွက်ပြီး အပိုဒ် ၄၈ ထဲက ဝယ်ယူခြင်းလုပ်ငန်းစဉ်မှတ်တမ်းတွင် ဖော်ပြပြီး တင်ဒါသွင်းသူထံရဲ့နောက်မှာ ရှင်းလင်းပြည့်စုံစွာဖော်ပြ၍ ဆိုတာကို အစားထိုးချင်ပါတယ်။ အခန်း(၁၁)ထဲကပဲ အပိုဒ် ၄၉(ဂ)ဖြစ်တဲ့ တာဝန်ဝတ္တရားများကို ထမ်းဆောင်နေစဉ်တွေရဲ့နောက်မှာ နိုင်ငံ၏ ဆိုတာကို ဖြည့်စွက်ပြီး အပိုဒ် ၅၀ ထဲက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတို့နှင့်အညီတို့ရဲ့နောက်မှာ ထိရောက်စွာ ဆိုတာကို ဖြည့်စွက်ပြင်ဆင်လိုပါတယ်။

အခန်း (၁၃) အပိုဒ် ၅၄ ထဲက တိုင်ကြားမှုများအပေါ် ကြားနာစစ်ဆေးဆုံးဖြတ်နိုင်ရန် အနည်းဆုံးရဲ့ နောက်မှာ လုပ်ငန်းအရည်အသွေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များ စိစစ်ရာတွင် ဆက်စပ်သည့်ဆိုသည့်စကားစုကို ဖြည့်စွက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန(၃)ခုမှ ကိုယ်စားလှယ်များရဲ့ နောက်မှာ နှင့်ပြင်ပပညာရှင်များဆိုတဲ့ စကားစုကို အစားထိုးပြင်ဆင်လိုပါတယ်။ အခန်း(၁၃)၊ အပိုဒ် ၅၈ ရဲ့ အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ် ရဲ့ နောက်မှာ ဘက်မလိုက်ဘဲ မှန်ကန်တိကျစွာ ချမှတ်ကျင့်သုံးရမည်လို့ အသစ်ဖြည့်စွက် ပြုပြင်ချင်ပါတယ်။ နောက်ဆုံးအခန်း (၁၅)၊ အပိုဒ် ၆၄ ရဲ့ မြေဆိုတဲ့ စကားရပ်အစား မြေကွက်လို့ အစားထိုးချင်တယ်လို့ တင်ပြပါရစေ။

ဆက်လက်ပြီး နောက်ဆုံးအနေနှင့် ဖြည့်စွက်အကြံပြုလိုတာကတော့ ပြည်တွင်းထုတ်လုပ်သော ပစ္စည်းများဟုဆိုရာတွင် ဝန်ကြီးဌာနမှ ဝယ်ယူမည့် ပစ္စည်းသည် နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ အကောင်အထည်ဖော်မည့် ရည်ရွယ်ချက်များကို ဖြည့်ဆည်းနိုင်သည့် အရည်အသွေး စံချိန်စံညွှန်း ကိုက်ညီခြင်းတို့နှင့် ပြည့်စုံပါက သွင်းကုန်အစားထိုး ပြည်တွင်းထုတ်လုပ်သူနှင့် ပြည်ပမှတင်သွင်းသူများ၊ တင်ဒါ ယှဉ်ပြိုင်သည့်အခါ သွင်းကုန်အစားထိုး ပြည်တွင်းထုတ်လုပ်သူကို ဦးစားပေးအခွင့်အလမ်းများ ရရှိစေခြင်း သို့တည်းမဟုတ် ကန့်သတ်တင်ဒါ ဝယ်ယူနိုင်ခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သီးခြားသတ်မှတ်ပေးရပါမယ်၊ အိမ်နီးချင်းနိုင်ငံများတွင် ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိသောကြောင့် ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာပြီး ပြည်ပရင်းနှီးမြှုပ်နှံသူများလည်း ပိုမိုလာသည့် သာဓကများ ရှိလာပါတယ်။

ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုများပြားလာပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာကာ ကျွမ်းကျင်သူ ပညာရှင်များ ပြည်ပထွက်ခွာမှုကိုလည်း ဟန့်တားနိုင်မည်ဖြစ်ပါတယ်။ အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ချက်များ စစ်ဆေးရာတွင်လည်း တင်ဒါစည်းမျဉ်းပါ လိုအပ်ချက်များနှင့် ပြည့်စုံမှု ရှိ/ မရှိ စစ်ဆေးခြင်း၊ စွမ်းဆောင်ရည်စစ်ဆေးခြင်း၊ စက်ကိရိယာများဖြင့် စမ်းသပ်စစ်ဆေးခြင်း၊ အခြားနည်းလမ်းများနှင့် စစ်ဆေးခြင်းတို့ကို ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် မှန်ကန်မျှတမှုဖြစ်စေရန်ကိုလည်း ဥပဒေ၊ နည်းဥပဒေများဖြင့် သတ်မှတ်

ပေးရမည်ဖြစ်ပါတယ်။ အတည်ပြုသတ်မှတ်ပြီးပါကလည်း ဥပဒေ၊ နည်းဥပဒေများကို ပြည်တွင်းထုတ်လုပ်သူများ၊ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက်လည်း တာဝန်ရှိသူများမှ ဆောင်ရွက်ပေးခဲ့ပါတယ်။ သို့မှသာ ပြည်တွင်းထုတ်လုပ်သူများအနေဖြင့် တန်ဖိုးမြင့်နည်းပညာ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရန် တွန်းအားပေးသကဲ့သို့ဖြစ်စေပါမယ်။

ယခုလွှတ်တော်သက်တမ်းအတွင်း မကြာမီကာလက ပြည်ထောင်စုဝန်ကြီးဌာနအချို့၏ တင်ဒါရွေးချယ်မှုအပေါ် ကျေနပ်မှုမရှိခြင်းအတွက် လွှတ်တော်တွင် မေးခွန်းများ မေးမြန်းခြင်းကဲ့သို့သော ကိစ္စရပ်များ ရှိနိုင်မည်မဟုတ်တော့ပါကြောင်း တင်ပြရင်း ဆွေးနွေးမှုကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၁၃။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ယခု ဆွေးနွေးမည့် ဥပဒေမူကြမ်းနှင့် ပတ်သက်လို့ Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အခန်း (၁)၊ အပိုဒ် ၃ (ဆ) နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း ဥပဒေပါ သက်ဆိုင်ရာ ဇယားတို့နှင့် ဆောင်ရွက်ရန်ရှိသည့် နောက်မှ နှစ်အလိုက်ဆိုတာကို ပြင်ဆင်အစားထိုးမှာဖြစ်ပြီး အခန်း(၁)၊ အပိုဒ် ၃ (ဈ) အသိဉာဏ်ပစ္စည်းပိုင်ဆိုင်ခွင့်များနှင့် နိုင်ငံတော်က တရားဝင်ပိုင်ဆိုင်သည့် အခြားဆိုတာရဲ့နောက်မှာ သက်ရှိ၊ သက်မဲ့ဆိုသည့် စကားရပ်ကို အစားထိုးချင်ပါတယ်။ အခန်း(၁)၊ အပိုဒ် ၃(ည) ကိရိယာတန်ဆာပလာများ၊ ဌာနလက်ကျန်ပစ္စည်းများနှင့် အပိုအလျှံပစ္စည်းရဲ့ နောက်မှာ အမျိုးမျိုးဆိုတဲ့ စကားစု အစားထိုးပြီး အခန်း(၁)၊ အပိုဒ် ၃ (ဋ) ၎င်းပိုင်ဆိုင်သော အဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံ၊ ယာဉ်များ ပရိဘောဂနှင့် စက်ပစ္စည်း စသည့်ရဲ့နောက်မှာ သက်ရှိ၊ သက်မဲ့ပစ္စည်းအမျိုးမျိုး ဆိုတဲ့စကားကို ထပ်မံဖြည့်စွက်လိုပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အခန်း (၄)၊ အပိုဒ် ၇ (ဃ) ဝယ်ယူသည့် ပမာဏနှင့် လျော်ညီစွာရဲ့ နောက်မှာ အချိန်မီ ဆိုတာကို ထပ်မံဖြည့်စွက်ပြီး အခန်း(၅)၊ အပိုဒ် ၁၁ ဆောင်ရွက်ရမည့် အပြင် ခွင့်ပြုချက်ရရှိပြီးသောရဲ့ နောက်မှာ ဆိုင်ရာနှစ်၏ ဆိုတဲ့ စကားရပ်ကို ဖြည့်စွက်၍လည်းကောင်း၊ အခန်း (၅)၊ အပိုဒ် ၁၂ အသိအမှတ်ပြုလက်မှတ်များ သင်္ကေတ အမှတ်အသားရဲ့နောက်မှာ အစစ်အမှန်ဆိုတာကို ပြင်ဆင်အစားထိုးချင်ပါတယ်။ ဆက်လက်ပြီး အခန်း

(၅)၊ အပိုဒ် ၁၆(က) ပြည်ပမှ တင်ဒါတင်သွင်းသူများ၏ ပစ္စည်းအရည်အသွေးနှင့် ဈေးနှုန်းတူညီမှုရှိရဲ့ နောက်မှာနေလျှင်သော်လည်းကောင်း၊ ဈေးနှုန်းအနည်းငယ် ပိုလျှင်လည်းကောင်း၊ ပြည်တွင်းတင်ဒါမှ အရည်အသွေး ပိုသာလွန်နေပြီး ရေရှည်အကျိုးအမြတ် ခိုင်မာနေလျှင် သော်လည်းကောင်း ဆိုတာကို အစားထိုးချင်ပြီး အပိုဒ် ၁၆ (ခ) သတ်မှတ်ချက်များနှင့်အညီ ဆိုသည့် ရဲ့ နောက်မှာ ဦးစားပေး ဆိုတာကို ထပ်မံ ထည့်သွင်းချင်ပါတယ်။ အခန်း (၇)၊ အပိုဒ် ၃၂ (က) ပြည်တွင်းဈေးကွက်တွင်ဆိုရဲ့ နောက်မှာ လုံး၀ ဆိုတာကို ထည့်သွင်းပြီး အပိုဒ် ၃၂ (ခ) ပစ္စည်းထုတ်လုပ်သူက ခွင့်ပြုထားသော အရောင်းကိုယ်စားလှယ် မရှိခြင်းရဲ့ နောက်မှာ သို့မဟုတ် ပြည်ပပစ္စည်းထက် သာလွန်အောင် ပြည်တွင်းမှ မဆောင်ရွက်နိုင်ခြင်းဆိုတာကို ထပ်မံဖြည့်စွက်လိုပါတယ်။

အခန်း(၈)၊ အပိုဒ် ၃၃ နည်းဥပဒေတွင် သတ်မှတ်ထားသည့် ပမာဏရဲ့နောက်မှာ နှင့် သတ်မှတ်ရက်ကာလကို ဖြည့်စွက်ပြီး အပိုဒ် ၃၄ စာချုပ်အကောင်အထည်ဖော်ရန် လိုအပ်သည့် ပစ္စည်းနှင့် ၀န်ထမ်းများကိုရဲ့ နောက်မှာတော့ အချိန်မီ ဆိုတာကို ထပ်မံဖြည့်စွက်လိုပါတယ်။ အခန်း(၁၃)၊ အပိုဒ် ၅၄ ထဲက တိုင်ကြားမည့်အမှုများအပေါ် ကြားနာစစ်ဆေး ဆုံးဖြတ်နိုင်ရန် အနည်းဆုံးရဲ့ နောက်မှာ လုပ်ငန်းအရည်အသွေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးဆက်များ စိစစ်ရာတွင် ဆက်စပ်သည့် ဆိုတဲ့ စကားစုကို ဖြည့်စွက်ပြီး သက်ဆိုင်ရာ ၀န်ကြီးဌာန(၃)ခုမှ ကိုယ်စားလှယ်များရဲ့ နောက်မှာ နှင့် ပြင်ပပညာရှင်များ ဆိုတဲ့ စကားစုကို အစားထိုး ပြင်ဆင်လိုပါတယ်။ အခန်း(၁၃)၊ အပိုဒ် ၅၈ ရဲ့ အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်ရဲ့ နောက်မှာတော့ ဘက်မလိုက်ဘဲ မှန်ကန်တိကျစွာ ချမှတ်ကျင့်သုံးရမည်လို့ အသစ်ဖြည့်စွက်ချင်ပါတယ်။ နောက်ဆုံး အခန်း(၁၅)၊ အပိုဒ် ၆၄ ရဲ့ မြေ ဆိုတဲ့ စကားရပ်အစားကိုတော့ မြေကွက်လို့ အစားထိုး ပြင်ဆင်ချင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေမူကြမ်းနှင့် ပတ်သက်လို့ ဒေသတွင်းနိုင်ငံတွေမှာ အစိုးရက ၀ယ်ယူခြင်းနှင့် အစိုးရမှ ရောင်းချခြင်းတို့ကို မတူညီတဲ့ ဥပဒေစည်းကမ်းချက်များနဲ့ ထိန်းကျောင်းထားတာကို လေ့လာသိရှိရပါတယ်။ ဒါ့အပြင် ပုံသေပိုင်ပစ္စည်းများနဲ့ ပတ်သက်လို့ မူလ၀ယ်ယူခဲ့စဉ်က ရည်ရွယ်ထားခဲ့သော လုပ်ငန်းအတွက် ဆောင်ရွက်နိုင်ခြင်းမရှိသောပစ္စည်းများအဖြစ် နည်းဥပဒေမှာ မပါ ပါအောင် ဖော်ပြသင့်ပြီး စံချိန်စံညွှန်းသတ်မှတ်ရာမှာလည်း မြန်မာစံချိန်စံညွှန်းဥပဒေနဲ့ ၎င်းဥပဒေအရ ဖွဲ့စည်းထားသော အမျိုးအစားအရည်အသွေးနဲ့ စံချိန်စံညွှန်းဌာနရဲ့ သဘောထားမှတ်ချက် ပါရှိဖို့ကိုလည်း ကြိုတင်အကြံပြုချင်ပါတယ်။ ခေတ်မီ ခက်ခဲနက်နဲပြီး နိုင်ငံရဲ့ အရေးပါတဲ့နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံနဲ့ သက်ဆိုင်ပါက တင်ဒါခေါ်ယူမည့် ၀န်ကြီးဌာနအပြင် နည်းပညာဆိုင်ရာ အထူးပြုလေ့လာအသုံးချနေသော အခြား၀န်ကြီးဌာန၊ တက္ကသိုလ်၊ ပြင်ပကျွမ်းကျင်မှုဆိုင်ရာ အသင်းအဖွဲ့များ၊ ပညာရှင်များနဲ့ ဆွေးနွေးပွဲပြုလုပ်ပြီးမှ နည်းပညာရဲ့ ခေတ်မီသင့်လျော်မှုကို အတည်ပြုသင့်ပါတယ်။ တင်ဒါဖြင့် စိစစ်၀ယ်ယူပြီးနောက် နည်းပညာဆိုင်ရာလွဲမှားမှု အတည်ပြုခြင်းမရှိသော နည်းပညာများ၊ ဟောင်း

နွမ်းနေသောနည်းပညာဆိုင်ရာပစ္စည်းများ နိုင်ငံတော်ရဲ့လက်ဝယ် ရောက်ရှိနေပါက သက်ဆိုင်ရာ ဌာနရဲ့ နည်းပညာကျွမ်းကျင်မှု အားနည်းချက်ကြောင့်ဆိုရင် နောင်မှာ မဖြစ်ပေါ်ဖို့ စီမံသင့်သလို တင်သွင်းတဲ့ကုမ္ပဏီကြောင့်ဖြစ်မယ်ဆိုလို့ရှိရင်လည်း အမည်ပျက်ရေးသွင်းခြင်းနဲ့ အများပြည်သူ သိရှိစေရန် ကြေညာခြင်း၊ အခြားအရေးယူမှုများဖြင့် နိုင်ငံတော်က နစ်နာတဲ့အတွက် လုံလောက်တဲ့ စီမံမှုမျိုး ရှိသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ အစိုးရရဲ့ ဝယ်ယူရေးများနဲ့ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးများမှာ အဂတိလုပ်မှုများ အများအပြားဖြစ်ပေါ်လျက်ရှိကြောင်း နိုင်ငံတကာအဖွဲ့အစည်းများရဲ့ စာတမ်းအချို့ဖြစ်တဲ့ ADB, OECD တွေမှာ ဖော်ပြထားဖူးသလို စင်ကာပူနိုင်ငံမှာ Government Procurement Act မှာလည်းကောင်း၊ ထိုင်းနိုင်ငံမှာ Public Procurement and Supply Administration Act မှာလည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှာ Law on Bidding တွေမှာလည်းကောင်း ပြဋ္ဌာန်းထားသလိုမျိုး အချိန်ယူခွဲခြမ်းစိတ်ဖြာပြီး ယခုရေးဆွဲမည့် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင် ပစ္စည်းများ ထုခွဲရောင်းချခြင်းဆိုင်ရာဥပဒေကို အဂတိအနည်းဆုံးနဲ့ အဂတိကင်းရှင်းတဲ့ ဥပဒေ ဖြစ်အောင် ရေးဆွဲနိုင်ဖို့ အမျိုးသားလွှတ်တော် ဥပဒေမူကြမ်းကော်မတီကို အလေးအနက် အကြံပြု အပ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်တွန်းရင်း ဆွေးနွေးမှုကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၀။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာ ကျန်းမာကြပါစေ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခု အဆိုပြု တင်သွင်းလာတဲ့ အစိုးရ၏ ဝယ်ယူခြင်းနဲ့ ပုံသေပိုင် ပစ္စည်းထုခွဲရောင်းချခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ဥပဒေတစ်ရပ်လုံးကို ခြုံငုံပြီးတော့ အပိုင်း(၂)ပိုင်းနဲ့ ကျွန်တော် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပထမတစ်ပိုင်းကတော့ ဒီဥပဒေရဲ့ခေါင်းစဉ်နဲ့ ပြဋ္ဌာန်းချက်အချို့ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကနေပြီးတော့ ပြင်ဆင်ထားတာတွေရှိပါတယ်။ ပုံသေပိုင်ပစ္စည်းများ ထုခွဲ ရောင်းချခြင်း ဆိုတဲ့ စကားရပ်ကို နိုင်ငံပိုင်ပစ္စည်းများဆိုပြီး ဥပဒေတစ်ရပ်လုံးကို ပြင်ဆင်ထားတာ

ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဆွေးနွေးလိုတာက နိုင်ငံပိုင်ပစ္စည်းလို့ ပြောလိုက်တဲ့အတွက် ဒီနိုင်ငံပိုင်ပစ္စည်းရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ကျွန်တော်တို့ State Plan တွေပါ ပါတယ်။ မြေ ဆိုပြီး မရွှေ့ပြောင်းနိုင်တဲ့ State Plan တွေ ပါလာတယ်။ ပါလာတဲ့အတွက် ကျွန်တော်တို့က ဒီလို ပြင်ဆင်လိုက်ခြင်းအားဖြင့် နိုင်ငံပိုင်ပစ္စည်းတွေ ရောင်းချတဲ့နေရာမှာ မြေပါရောင်းလို့ရတယ်လို့ ကျွန်တော်တို့ အဓိပ္ပာယ်မှတ်ယူလို့ရပါတယ်။ ဒီ ဥပဒေအရဆိုရင် နိုင်ငံပိုင်မြေတွေကို ရောင်းချခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်တွေ ဒါတွေလုပ်လို့ရတယ်လို့ ဒီလိုယူဆလို့ရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ဒီဥပဒေကို ပြင်လိုက်ခြင်းအားဖြင့် အခန်း(၁၀)မှာပါတဲ့ နိုင်ငံပိုင်ပစ္စည်းများ ရောင်းချခြင်းနဲ့ ငှားရမ်းခြင်း အခန်းတစ်ခန်းလုံးကိုလည်း ပြန်လည်သုံးသပ်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံပိုင် မြေထု၊ ရေထု၊ လေထုတွေကို ရောင်းချခွင့် မရှိပါဘူး။ ဒါကြောင့်မို့ ဒီဥပဒေမှာ နိုင်ငံပိုင်ပစ္စည်းဆိုတဲ့ စကားရပ်တွေကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ ရှင်းရှင်းလင်းလင်း ဖြစ်အောင် အဓိပ္ပာယ်ဖွင့်ဆိုသင့်ပါတယ်။ ဒီတစ်ပိုင်းဖြစ်ပါတယ်။

နောက်တစ်ပိုင်းကတော့ ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေက ဒီဥပဒေမှာ ဖောင်းပွနေတာတွေရှိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့က ဥပဒေကြမ်းအနေနဲ့ ပြန်လည်သုံးသပ်ဖို့ လိုအပ်ပါတယ်။ ဒီဥပဒေမှာ ပုဒ်မပေါင်း (၇၁)ခု ရှိပါတယ်။ ဒီပုဒ်မ (၇၁)ခုမှာ ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက် ပုဒ်မပေါင်းက(၃၈)ခုရှိတယ်။ ဥပဒေတစ်ခု တစ်ရပ်လုံးရဲ့ ထက်ဝက်ကျော် ပုဒ်မတွေက အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ ရှုပ်ထွေးနေတာတွေ ရှိပါတယ်။ ဒီ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေက တစ်ခုနဲ့တစ်ခု ရောထွေးနေတာတွေလည်း ရှိပါတယ်။ တစ်ခုနဲ့တစ်ခုဟာ သဘောသဘာဝ တူညီပြီးတော့ ထပ်နေတာတွေလည်းရှိပါတယ်။ တချို့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေဆိုရင် ကျွန်တော်တို့ ဥပဒေစကားရပ်တွေ မဟုတ်တဲ့ ဒီမလွှန်ဆန်နိုင်သော ဖြစ်ရပ်တို့ ဘာတို့ဆိုတာ ဒါက ကျွန်တော်တို့ ဥပဒေစကားရပ်တွေလည်း မဟုတ်တဲ့အတွက် ဒါတွေကိုလည်း ပြန်လည် ဆန်းစစ်ဖို့လိုပါတယ်။ ဒီလို စကားရပ်တွေ သုံးလိုက်ခြင်းအားဖြင့် ကျွန်တော်တို့ ဒီလို မလွှန်ဆန်နိုင်သော လုပ်ရပ်ဆိုတဲ့ စကားရပ် ဖြစ်ရပ်တွေ ဆိုတာ ဥပဒေစကားရပ်မှာ အင်မတန် ရှုပ်ထွေးပါတယ်။ ကျွန်တော်တို့ ဒွိဟလည်း ဖြစ်ပါတယ်။ အို၊ နာ၊ သေဘေးကအစ ဒါဟာ မလွှန်ဆန်နိုင်တဲ့ ဖြစ်ရပ်တွေလို့ ယူဆလို့ရတယ်။ ဒါကြောင့် ဥပဒေစကားကျစ်လျစ်အောင် ပြန်လည်ပြုပြင်သုံးစွဲပြီး တူရာ တူရာ ဥပဒေကြမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ပြန်လည်ပေါင်းစည်းပြီးတော့ ပြန်လည် သုံးသပ်သင့်ပါကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁:၂၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၁:၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်နေ့မှာ စတင်ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ ဒီကနေ့ ပြီးဆုံးမှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိ အစည်းအဝေးကျင်းပရက် (၆)ရက်အတွင်း အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များအနေနဲ့

**မေးခွန်းမေးမြန်းခြင်းကဏ္ဍမှာ –**

လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထုရဲ့ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း (၄၃)ခု နှင့် ကြယ်ပွင့်မပြမေးခွန်း (၁၃၁)ခုတို့ကို မေးမြန်းခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့် ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

**အဆိုတင်သွင်းခြင်းကဏ္ဍမှာ –**

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဌေးကြွယ် နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်တို့နှစ်ဦး ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့ပါတယ်။

**ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍအနေနဲ့ –**

အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားတဲ့ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါတယ်။

**ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် –**

အသေးစား ငွေရေးကြေးရေးဥပဒေကြမ်းနှင့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၄င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကာ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားတဲ့ ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၂)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (၂)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ (၁)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ(၁)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၁)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ (၁)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၁)ကြိမ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ (၁)ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ (၁)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ (၁)ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ ကော်မတီ(၁)ကြိမ်၊ စုစုပေါင်း ကော်မတီအစည်းအဝေး (၁၃)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို (၂)စောင် ထုတ်ဝေခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့ သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည် ရောက်ရှိကြပြီး မိမိတို့ရဲ့မဲဆန္ဒရှင်ပြည်သူများအကျိုး၊ ဒေသရဲ့အကျိုး၊ နိုင်ငံတော်ရဲ့အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁:၂၆ နာရီအချိန်တွင် ရပ်နားပါသည်။]